# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၃ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၃၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်အပါး (၉၇) ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့်အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒဆရာတော်များ၊ တိပိဋက ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ


*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌ ဉာဏာလင်္ကာရထံ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ် စ ရာ**

**အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)တို့မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများ ရန်ကုန်မြို့သို့ရောက်ရှိပြီး လေ့လာရေးခရီးစဉ်များဆက်လက်ဆောင်ရွက်** ပြည်တွင်းသတင်း စာ ၉

**၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်** ပြည်တွင်းသတင်း စာ ၁၃




## မြန်မာ့အလင်း

# မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် ပြန်လည်တည်ဆောက်

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှု ပမာဏကြီးမားစွာ ဖြစ်ပေါ်ခဲ့သည့်အထဲတွင် ရှေးဟောင်းသာသနိက အဆောက်အအုံများနှင့် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများလည်း အများအပြား ပါဝင်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တစ်စုတစ်ဝေးတည်း တည်ရှိရာ နေရာများဖြစ်ကြသည့် မင်းကွန်း၊ စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ အင်းဝ စသည့်နေရာများမှာ ငလျင်ဒဏ်ကို အပြင်းအထန်ခံစားခဲ့ရပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များစွာ ထိခိုက်ပျက်စီးခဲ့ရာ အချို့လုံးဝ ပြိုကျပျက်စီးခဲ့ရသည်။

ငလျင်ဒဏ်ခံစားခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ဇရပ်နှင့် မြို့ရိုး၊ ပြအိုး၊ ပြာသာဒ် စသည်တို့ စုစုပေါင်း ၁၇၈၁ လုံး၊ ဘုရား၊ စေတီ၊ ပုထိုးစသည့် သာသနိကအဆောက်အအုံပေါင်း ၄၉၉၈ လုံး စုစုပေါင်း ၆၇၇၉ လုံး ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ မြေငလျင်လှုပ်ခတ်ပြီးနောက် ထွက်ပေါ်လာသည့် လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြထားကြသည့် အမျိုးသားယဉ်ကျေးမှုရတနာများဟု တင်စားရမည့် ရှေးဟောင်းအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ ဗုန်းဗုန်းလဲ ပျက်စီးနေသည့် မြင်ကွင်းများမှာ မချိတင်ကဲ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ ရှေးကာလက မိမိတို့၏ ဘိုးဘွားများ ခေတ်သမိုင်းအဆက်ဆက်တွင် ဂုဏ်ယူဖွယ်တည်ဆောက်ခဲ့ကြသည့် သမိုင်း၏အမွေအနှစ်များမှာ အင်အားကြီးမားပြင်းထန်လှသည့် သဘာဝဘေးဒဏ်ကြီးကြောင့် မိနစ်ပိုင်းမျှအတွင်း ပြိုလဲပျက်စီးသွားရခြင်းအပေါ် မိမိတို့တစ်မျိုးသားလုံး နှမြောတသဝမ်းနည်းကြေကွဲကြရခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သဘာဝဘေးအန္တရာယ်များကြောင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများမှာ သမိုင်းတစ်လျှောက် ရှေးကပင်ရှိခဲ့ပြီး မိမိတို့ဘိုးဘွားများ ပြန်လည်တည်ဆောက်ခဲ့ကြသလို မိမိတို့ခေတ်တွင်လည်း ပြန်လည်တည်ဆောက်ကြရမည်သာဖြစ်သည်။ မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်ကျောက်သားများဖြင့် အခိုင်အမာ ပြန်လည်တည်ဆောက်ရမည် ဆိုသကဲ့သို့ပင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုပါ ကြိုတင်မျှော်တွေးတွက်ဆ၍ နှစ်ပေါင်းထောင်ချီရှည်ကြာတည်တံ့နိုင်ရန် အစွမ်းကုန်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်သည်။ အထူးသတိပြု ဆောင်ရွက်ကြရမည့်အချက်မှာ ရှေးဟောင်းအမွေအနှစ်လက်ရာများဖြစ်ပြီး မူရင်းကျန်ရှိနေသည်များကို ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ ကြီးကြပ်မှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် နောင်အရှည်ဆက်လက်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်ကြရန်ပင် ဖြစ်သည်။

ယခုအခါ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရားစေတီတစ်ဆူလုံးကိုဖြစ်စေ၊ မိမိတို့လှူဒါန်းနိုင်သမျှ သဒ္ဓါတရားနည်းများမဆို လှူဒါန်းနိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ ရှေးဟောင်းအမွေအနှစ် စေတီ၊ ပုထိုး၊ ဂူဘုရားများကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ပထမဦးစားပေးအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးနည်းပါးသော သို့မဟုတ် ပျက်စီးမှုနည်းပါးသော ရှေးဟောင်းအဆောက်အအုံများ၊ ရွေ့ဆေးသုတ်ထားသည့် စေတီပုထိုးများကို ပြန်လည်ပြုပြင်လိုသော အလှူရှင်များ၊ ဂေါပကများ၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာသို့ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ ကြိုတင်ခွင့်ပြုချက်တင်ပြကြရမည်ဖြစ်သည်ဟု သိရသည်။ ခွင့်ပြုချက်ရရှိပါက ခွင့်ပြုသည့်အတိုင်း အတွေ့အကြုံရှိသော ကန်ထရိုက်တာများဖြင့် ပြင်ဆင်ခွင့်ပြုသွားမည်ဖြစ်ရာ ပညာရှင်များ၊ ကျွမ်းကျင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်မပျက်မစီး တည်တံ့စေရန် ပြန်လည်ထိန်းသိမ်းကြရပါမည့်အကြောင်း။ ။

## ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
ကြေညာချက်
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခဒေါက်တာကျော်သီဟ<br>ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ပါမောက္ခဒေါက်တာအေဘီ<br>ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

### ၂၂-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၄၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ငလျင်ဒဏ်သင့်ခဲ့သည့် သာစည်မြို့နယ်ရုံး ယာယီရုံးခန်း ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှု ကြည့်ရှုစစ်ဆေး

**သာစည် မေ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် မိတ္ထီလာခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းကျော်တို့သည် မေ၂၁ ရက်က ငလျင်ဒဏ်သင့်ခဲ့သည့် သာစည်မြို့နယ်ရုံးယာယီရုံးခန်း ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီး ဦးစီးမှူးသည် မတ် ၂၈ ရက်က မန္တလေး ငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် မိတ္ထီလာ-တောင်ကြီးသွားကားလမ်းဘေးရှိ ရုံးဟောင်းမှ ယာယီရုံးခန်း ပြောင်းရွှေ့ဖွင့်လှစ်ထားရှိသည့် သာစည်မြို့ စားသုံးသူရေးရာဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် အခက်အခဲများအား တင်ပြဆွေးနွေးပေးရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

**အိမ်ပြင်ပဌ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❑ *ရွှေဖုံးမှ*

ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘောရေးဖြေ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေ ဒီဃနိကာယ ကောဝိဒ ဘွဲ့ရရှိတော်မူသည့် ဆရာတော်ထံ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘွဲ့ရရှိတော်မူသည့် ဆရာတော်ထံ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဘွဲ့ရရှိတော်မူသည့် ဆရာတော်ထံ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဘွဲ့ရရှိတော်မူသည့် ဆရာတော်ထံ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဘွဲ့ရရှိတော်မူသည့် ဆရာတော်ထံ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယ သြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယသြဝါဒကထာကို စာမျက်နှာ -၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြရာ ပိဋကသုံးပုံလုံးကို အာဂုံနှင့်တကွ ရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌ ဉာဏာလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ဘွဲ့ရရှိတော်မူသည့် ဆရာတော်ထံ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် ပိဋကနှစ်ပုံ ရေးဖြေအောင်မြင်တော်မူသဖြင့် ဒီဃနိကာယကောဝိဒ ဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာ ဓဇာလင်္ကာရနှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်မှ အရှင်စန္ဒောဘာသာလင်္ကာရ၊ ပိဋကနှစ်ပုံ အာဂုံအောင်မြင်တော်မူသဖြင့် ဒီဃဘာဏက ဘွဲ့ရရှိတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋက နိကာယကျောင်းတိုက်မှ အရှင်ဇနပ္ပိယာလင်္ကာရနှင့် အရှင်တိလောကတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒီဃဘာဏကဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၉ ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၁ ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၇ ပါး၊ ဥဘတောဝိဘင်္ဂဓရဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၄၆ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းလောင်းအမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိတ်သတ်များနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

### ၉၇ ပါး အောင်မြင်တော်မူခဲ့

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံ အာဂုံရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁ ပါး၊ ပိဋကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒ အရှင်မြတ် ၂ ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက အရှင်မြတ် ၁၁ ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ အရှင်မြတ် ၁ ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရ အရှင်မြတ် ၂၉ ပါး၊ ဝိနယပိဋက ရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ အရှင်မြတ် ၇ ပါးနှင့် ဝိနယပိဋက ရှေ့ပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ အရှင်မြတ် ၄၆ ပါး စုစုပေါင်း ၉၇ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီအထူး ဉာဏ်ပညာအထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကနှုတ်ငုံဆောင်ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ယခု ကျင်းပပြီးစီးခဲ့သည့် (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအထိ (၇၇) နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ် (၁၇)ပါး ပေါ်ထွန်းခဲ့ပြီး ယင်းဘွဲ့တံဆိပ်တော်ကိုရရှိပြီး၍ (၅)နှစ်ပြည့်မြောက်သည့်အခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်မှ ဆက်ကပ်သည့်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရဆရာတော်ကြီး ၁၅ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်၍ တိပိဋကဓရ တိပိဋက ကောဝိဒ သာသနာ့အာဇာနည်အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာဦးမည်ဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

မဟာမင်္ဂလာ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးနှင့် အခြား သာသနိကအဆောက်အဦများ ရေရှည် တည်တံ့ခိုင်မြဲစေရန်အတွက် လိုဏ်ဂူအတွင်း ဆေးသုတ်ခြင်း၊ အသံထိန်းနံရံပြုပြင်ခြင်း၊ ရေလုံဆေးသုတ်ခြင်း၊ ရေဆင်းပိုက်လိုင်းပြုပြင်ခြင်း၊ 630 kg ဓာတ်လှေကားသစ် တပ်ဆင်ခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**
https://sacoffice.gov.mm

၂။ **ကာကွယ်ရေးဝန်ကြီးဌာန**
https://www.mod.gov.mm

၃။ **ဥပဒေရေးရာဝန်ကြီးဌာန**
https://www.mlis.gov.mm

၄။ **ပြန်ကြားရေးဝန်ကြီးဌာန**
https://www.moi.gov.mm

၅။ **Myawady Webportal**
https://myawady.net.mm

၆။ **Myanmar National Portal**
https://myanmar.gov.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင် မင်းကျောင်းဆရာတော်ကြီး မိန့်ကြားတော်မူသော သာရဏီယသြဝါဒကထာ

ဦးစွာပထမ စာတော်အောင်မြင် အာဇာနည်အရှင်မြတ်များအတွက် အားတက်ဖွယ်ရာစကား လျှောက်ထားလိုသည်မှာ–


**"ဝီရိယာယတ္တော ဇဝ သဗ္ဗော လောကုတ္တရော လောကိယော စ ဝိသေသာဓိဂမော"** (မူလပဏ္ဏာသဋီကာ၊ ပ၊ ၃၈၆) ခပ်သိမ်းသော လောကုတ္တရာ တရားများကို မျက်မှောက်ပြုရခြင်းသည်လည်းကောင်း၊ လောက၌ဖြစ်သော ထူးကဲသာလွန် ကောင်းမွန်သော အောင်မြင်မှုမျိုးကို ရရှိခြင်းသည်လည်းကောင်း၊ ဝီရိယတရားနှင့် ဆက်နွှယ်ကြောင်း ရှေးဆရာကောင်းတို့ ငြိမ့်ညောင်းသံသာ ဟောမိန့်မှာသည့် စကားတော်နှင့်အညီ လောကီကိစ္စများ၌ သာမန်အောင်မြင်မှုကို သင့်တင့်လျော်ကန်သော ကြိုးစားမှုဝီရိယဖြင့် ရရှိနိုင်သော်လည်း ထူးကဲမွန်မြတ်သော အောင်မြင်မှုကို ထက်သန်သော လုံ့လဝီရိယဖြင့်သာ ရရှိနိုင်ပါသည်၊ လောကုတ္တရာ တရားထူး တရားမြတ်များကိုကား ထို့ထက် သာလွန် ထက်သန်မြဲမြံသော ဝီရိယဖြင့်သာ မျက်မှောက်ပြုနိုင်မည် ဖြစ်ပါသည်။

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့သည် လောကုတ္တရာ တရား ကိုးပါးရကြောင်း နည်းလမ်းကောင်းကို ညွှန်းဆိုမိန့်ကြားရာ ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြရာ၌ သာမန်ပြုလုပ်အားထုတ်ကြိုးစားမှုဖြင့် အောင်မြင်မှုကို ရရှိခဲ့ကြသည် မဟုတ်ပါ၊ နေ့စဉ်ရက်ဆက် မပျက်မကွက်ဘဲ လေ့ကျက်ပုံမှန်အမြဲ သင်အံပြန်ဆိုရသည့် ထက်သန်သော လုံ့လဝီရိယနှင့်တကွ ထက်မြက်သောဆန္ဒ၊ တက်ကြွသောစိတ္တ၊ ထူးချွန်သောပညာ ဉာဏ်လေးဖြာသော ဣဒ္ဓိပါဒ် ပြည့်စုံပြီးစီးမှုအကြောင်းရင်းကို ပေါင်းစပ်ညီညွတ်မှုကြောင့်သာ အောင်မြင်ကြခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့၏ အကျိုး ဖွံ့ဖြိုးပြည့်စုံမှုကို ရရှိတော်မူကြသည့် အရှင်မြတ်တို့မှာ ဝမ်းသာအားရ ရှိနေကြမည် ဖြစ်သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း နှစ်ထောင်းအားရကျေနပ်ဝမ်းမြောက်မှု ဖြစ်မိပါသည်။ အရှင်မြတ်တို့အား လာရောက်ဖူးမြော်ပူဇော်ကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအမှူးပြုသည့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့မှာလည်း ဝမ်းသာကြည်ညို သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်များ ဖြစ်ပွားကြမည်ဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒလောင်းလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား–

ယခုကဲ့သို့ စာအောင်အရှင်မြတ်တို့၏ အောင်မြင်မှုကို ဝမ်းမြောက်



ဝမ်းသာ ကြည်သာရွှင်ပြုံး ကြည်ညိုမဆုံးဖြစ်ကြရသည်မှာ မြတ်စွာဘုရားရှင်သာသနာတော် တည်တံ့ရေးလမ်းကြောင်းပေါ်တွင် အရှင်မြတ်တို့ ရပ်တည်နေခြင်းကို တွေ့မြင်နေရသောကြောင့်ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးဆောင်လျက် နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အဘက်ဘက်မှ တတ်စွမ်းသမျှ ကြိုးစားအားထုတ် ထောက်ပံ့လျက် ရှိနေကြသည်ကို အရှင်မြတ်တို့ အသိပင်ဖြစ်ပါသည်။

သာသနာတော်တည်တံ့ရေးအတွက် ပြုကျင့်လုပ်ဆောင်ရမည့် အချက်များမှာလည်း "ရဟန်းများတို့၊ တရားကိုနာ၊ ကျမ်းစာကိုသင်၊ နှုတ်တွင် ကျက်ဆောင်၊ သိအောင်လည်းမှတ်၊ ပဋိပတ်ပါ၊ ဖြည့်ကျင့်ရာသည်၊ သာသနာတည်ဖို့အလုပ်တည်း"ဟူသော အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ၊ ပထမသဒ္ဓမ္မသမ္မောသသုတ်၌လာသည့် ကျင့်ဖွယ်ငါးပါးနှင့်အတူ မိမိကျင့်ကြံသောတရားများကို သူတစ်ပါးတို့ ကျင့်ကြံရအောင် ထပ်ဆင့်ဟောကြားရမည်ဟူသော ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌ လာရှိသော ကျင့်ဖွယ်ရာများပင်ဖြစ်ပါသည်။

စာအောင်သာသနာ့အာဇာနည် အရှင်မြတ်တို့သည် သင်ကြားကျက်ဆောင် သိအောင်မှတ်ရုံမျှဖြင့် ရပ်တန့်မနေကြဘဲ ပရိယတ္တိလမ်းကြောင်းမှာရှိသော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သုံးရပ်အကျင့်မြတ်တို့ကို မိမိတို့ကိုယ်တိုင် သိရှိပေါက်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြမှ နိဿရဏတ္ထပရိယတ္တိဖြစ်ရှိကြကာ သာသနာတော် တည်တံ့ရေးအတွက်လည်း ပြည့်စုံသော အကြောင်းအထောက်အပံ့ဖြစ်မည်ကို နှလုံးသွင်းတော်မူကြ၍ မြတ်စွာဘုရားရှင်သာသနာတော်ကြီး အရှည်ခံ့လျက် တည်တံ့အောင်၊ စည်ပင်ထွန်းကား၊ ပြန့်ပွားတိုးတက်အောင် ပြည်တွင်းသာမက ပြည်ပနိုင်ငံများ ပါမကျန် သာသနာပြုလုပ်ငန်းများကို လုံ့လရှိကာ အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူကြပါရန်လည်း တိုက်တွန်းလိုပါသည်ဘုရား။

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့–

**"သာသနံ ပုညဝန္တဿ ပုညဝန္တာဝ လဗ္ဘရေ"**ဟူသော သြဝါဒဒေသနာတော်အရ သာသနာတော်မြတ်ကြီးကို ယခုကဲ့သို့ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ခွင့်ရကြသည့် အရှင်မြတ်တို့သည် ရှေးဘုန်းရှေးကံ ပြည့်လျှံကြီးမား ဘုန်းသမ္ဘာရှင်များ ဖြစ်ကြသကဲ့သို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ပူဇော်ခွင့်ရကြသည့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့လည်း ရှေးဘုန်းရှေးကံ ကြီးမားကြသောကြောင့် ချီးမြှောက်ပူဇော်ခွင့်ရကြသည်ဟု နှလုံးသွင်းကာ ခါခါရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါမည်။ ဤသို့ ဆရာဒကာ ညီညွတ်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ မိမိတို့ဆိုင်ရာ အနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ကြလျှင် မြတ်စွာဘုရားရှင် သာသနာတော်သည်လည်း နေရောင်လရောင်ပမာ အရှည်အကြာ တည်ကာသန့်ရှင်း ထွန်းလင်းမည်ဖြစ်သောကြောင့်–

**သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ၊**

**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။** (ဣတိဝုတ်၊ ၂၇၀)

သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်းကောင်း။ **အနဂါရာစ**၊ အိမ်ရာမထောင် ရဟန်းဘောင်နေကြား အရှင်မြတ်များတို့သည်လည်းကောင်း။ **ဥဘော**၊ ဆရာဒကာ ညီညာပေါင်းရုံး နှစ်ဦးစလုံးတို့သည်။ **အညောညနိဿိတာ**၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ အညီလက်တွဲ အချင်းချင်း အမှီသဟဲ ရကြကုန်သည်ဖြစ်၍။ **ယောဂက္ခေမံ**၊ ယောဂ လေးတန် ကုန်ရာမှန်သော။ **အနုတ္တရံ**၊ မိမိထက်လွန် မွန်မြတ်သော တရားမရှိသော။ **သဒ္ဓမ္မံ**၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ **အာရာဓယန္တိ**၊ နိဗ္ဗာန်တိုင်ပေါက် ခရီးရောက်အောင် ပြီးမြောက်အောင်စေ ညွှန်းဖော်ပြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား သမ္မောဒနီယ သာရဏီယသြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်နည်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး ဇွန်လတွင် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများ၊ ပင်မဆောင်၊ စာသင်ခန်းများနှင့် Lab ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် Survey Camp ဆင်းနေသော တတိယနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာရပ်ပိုင်းဆိုင်ရာများအား ကြိုးစားကြရန်၊ လက်တွေ့နှင့် စာတွေ့ပေါင်းစပ်နိုင်ရေးအတွက်လည်း ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ခြင်းများမှာ ကောင်းမွန်ကြောင်း၊ ခေတ်မီ Software များ အသုံးချနိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် နေရောင်ခြည် အလင်းစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနဓာတ်ခွဲခန်း၊ Myanmar–Japan Technological Development Center–1 နှင့် Myanmar – Japan Technological Development Center–2 သို့ ရောက်ရှိပြီး Polytechnic University (မအူပင်)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (တောင်ငူ) တို့မှ Internship ဆင်းနေကြသော ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းမှာ အရေးကြီးကြောင်း၊ ဤဓာတ်ခွဲခန်းတွင် Solar ပြားများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို တိုင်းတာနိုင်ရန်အတွက် တည်ထောင်ထားခြင်း ဖြစ်ပြီး သေချာစွာလေ့လာကြရန် လိုအပ်ကြောင်း၊ အနာဂတ်စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သောကြောင့် ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားပြီး လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေးထပ်ခွဲ ဗိသုကာဌာနဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဘောလုံးကွင်းတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တိုက်တွန်းမှာကြားပြီး ကျောင်းအနီးဝန်းကျင်များကို ဥပဓိရုပ်တင့်တယ်ကာ သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ထားရှိမှုများနှင့် တက္ကသိုလ်အဝင်ပင်မဂိတ်၊ ရုရှား – မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်ကျောက်စာတိုင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ပန်းတောင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၅–၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ယနေ့တွင် ဒေါင်းမြတ်နားကျေးရွာအုပ်စု တောင်သူ ၉၃ဦးအား ထုတ်ချေးကြောင်း သိရသည်။

အဆိုပါ ချေးငွေများကို ယခင်နှစ်ကချေးငွေများ အကျေပေးဆပ်သည့် တောင်သူများကို ဦးစားပေးထုတ်ချေးပေးလျက်ရှိပြီး လယ်တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်း၊ အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် တောင်သူ ၉၃ ဦး၏ လယ်မြေဧက ၄၆၄ ဧကအတွက် ငွေကျပ်သိန်း ၆၉၆၀၀၀၀ ကို တောင်သူများလက်ဝယ်အရောက်ထုတ်ချေးပေးခဲ့သည်။ ချေးငွေထုတ်ချေးပေးရန်ကျန်ရှိနေသော ကျေးရွာ အုပ်စု ၄၇ အုပ်စု၊ တောင်သူ ၈၀၀၀၊ ဧကပေါင်း ၃၄၀၀၀ အတွက် ချေးငွေ ကျပ်စုစုပေါင်း သိန်းပေါင်း ငါးသောင်းတစ်ထောင်ကျပ်ကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇုန်များအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး နေ့စဉ်စားသုံးသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ လုံလုံလောက်လောက်ရှိစေရေး လုံလောက်စွာထုတ်လုပ်

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်နှင့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မေးမြန်းဆွေးနွေး**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အသင်းနှင့် “ထွန်း” ခတုကင်းလွတ်သမဝါယမအသင်း စိုက်ပျိုးရေးခြံများသို့ရောက်ရှိပြီး မုန်ညင်း စိမ်း/ ဖြူ၊ ယုဆိုင်၊ ထိုင်ဝမ် မုန်ညင်း၊ ဆလပ်၊ ချဉ်ပေါင်၊ မုန်လာ၊ ဖက်ဖယ်၊ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ နံနံပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ခြံထွက်ဟင်းသီးဟင်းရွက်များ၊ ဈေးကွက်တင်ပို့မှုနှင့် အပင်စွန့်ပစ်ပစ္စည်းနှင့် အီးအမ်ဘိုကာရှီ ရောစပ်ထားသည့် ရွက်ဖျန်းအားတိုးဆေး၊ ကာကွယ်ဆေးများ အသုံးပြုမှုတို့ကို လိုက်လံကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်သည် မြေကေ ၉၁၀၆ ဒသမ ၄၇ ဧက ရှိသည့်အနက်မှ စိုက်ပျိုးရေး မြေကေမှာ ၇၄၅၈ ဒသမ ၅၇ ဧက ဖြစ်ပြီး စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်အသင်းတွင် အသင်းဝင် တောင်သူဦးရေ ၂၄၂ ဦးတို့က မြေကေ ၁၄၀ တွင် ဟင်းသီးဟင်းရွက်များနှင့် အခြားရာသီပေါ်သီးနှံများကိုလည်းကောင်း၊ “ထွန်း”ခတုကင်းလွတ်သမဝါယမအသင်းတွင် အသင်းဝင် တောင်သူဦးရေ ၁၀၈ ဦးတို့က မြေကေ ၆၀ တွင် ဟင်းသီးဟင်းရွက်များနှင့် အခြားရာသီပေါ် သီးနှံများကိုလည်းကောင်း စိုက်ပျိုးထားပြီး စိုက်ပျိုးရေးဇုန်အတွင်းမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံများအပေါ်မူတည်ပြီး ဒေသအတွင်းရှိ လက်လီလက်ကားဈေးများသို့ နေ့စဉ် တန်ချိန် ၂၀ နှင့် ၃၀ အကြား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်မှထွက်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့် ရွက်ဖျန်းအားတိုးဆေး၊ ကာကွယ်ဆေးများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် C.P Group ရှိ Learning Center သို့ ရောက်ရှိကြပြီး Evaporated Cooling System ဖြင့် အဆင့်မြင့် အသားတိုးဝက် မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ Learning Center တွင် ဝက်မွေးမြူရေးခြံ ၂၇ ခြံရှိပြီး တစ်ခြံတွင် အကောင်ရေ ၆၀၀ နှုန်းဖြင့် ဝက်အကောင်ရေ စုစုပေါင်း ၁၆၀၀၀ ကျော် မွေးမြူထားရှိကြောင်းနှင့် ဒေသတွင်း အသားငါးလိုအပ်ချက်များကို နေ့စဉ် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် Myanmar Green Light (MGL) စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ဥစားကြက်နှင့် ငါးကန်တွဲဖက်မွေးမြူထားမှု၊ ဇီဝဗိုးငှက်များ မွေးမြူထားရှိမှုနှင့် ကျွဲကောပင်များနှင့် ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အကြံပြုမှာကြားသည်။ အဆိုပါ Myanmar Green Light (MGL) စိုက်ပျိုးမွေးမြူရေးခြံသည် ဧက ၃၀၀ ခန့် ကျယ်ဝန်းပြီး ကြက်မွေးမြူရေးခြံ ၁၃ ခြံတွင် မီးကိုင်ကြက်အကောင်ရေ ၂၀၀၀၀ နှင့် ဥစားကြက် အကောင်ရေ ၈၀၀၀၀ မွေးမြူထားရှိပြီး ဒေသတွင်းရှိ လက်လီလက်ကားဆိုင်များသို့ နေ့စဉ် ကြက်ဥအလုံးရေ ၅၈၀၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် ခန်းမသို့ ရောက်ရှိကြပြီး ဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ၊ မှော်ဘီမြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဇုန်များအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက် ခွဲခြားဆောင်ရွက်ထားရှိမှု၊ ဇုန်အလိုက် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ဇုန်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံ၊ အသား၊ နွားနို့နှင့် ဥများ ထုတ်လုပ်ရောင်းချပေးနိုင်မှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးဇုန်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမြန်ဆုံးကြီးမြန်သစ်ပင်များ စိုက်ပျိုး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေးရည်မှန်းချက် ၂ ရပ်အနက်မှ ဒုတိယအချက်ဖြစ်သည့် စားရေရိက္ခာ ဖူလုံရေးကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် သန့်ရှင်းသောသုံးရေ၊ သောက်ရေများ ရရှိအသုံးပြုနိုင်ရေးသည် အရေးပါကြောင်း၊ ထို့ကြောင့် ရှိပြီး ရေအရင်းအမြစ်များ မဆုံးရှုံးစေရေး အထူးသဖြင့် ချောင်းဖျား၊ မြောင်းဖျားနှင့် ရေထွက်နေရာများ၏ ရေဝေရေလဲနေရာများတွင် သစ်တောများ၊ သစ်ပင်များအကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးမှုမရှိစေရေး ကာကွယ်ထိန်းသိမ်းရမည် ဖြစ်သကဲ့သို့ ပြုန်းတီးမှုရှိပါကလည်း အမြန်ဆုံးကြီးမြန်သစ်ပင်များ စိုက်ပျိုးထူထောင်ရန် လိုအပ်ကြောင်း၊ ၎င်းအပြင် ရှိပြီး မြစ်၊ ချောင်း၊ မြောင်းများ ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် မြစ်ညာနှင့် ချောင်းဖျားနေရာများမှ စတင်၍ ရေဝေရေလဲပြုန်းတီးမှုများမှတစ်ဆင့် အပေါ်ယံမြေဆီလွှာများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း၊

*စာမျက်နှာ ၇ သို့*

- **လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များအလိုက် လုပ်ငန်းများအောင်မြင်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**
- **ဒေသတွင်း စားရေဖူလုံမှုကို ဆောင်ရွက်ပေးနိုင်ရုံသာမက တိုင်းဒေသကြီးအတွင်း ပိုလျှံသော သား၊ ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေးအထိ စီမံသွားရန်နှင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်**

*စာမျက်နှာ ၆ မှ*

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး နေ့စဉ်စားသုံးသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ လုံလုံလောက်လောက်ရှိစေရေး လုံလောက်စွာ ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းများအလိုက် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင် သတ်မှတ်ထားသည့် စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို ထုတ်လုပ်သွားရန်လိုကြောင်း၊ လက်ရှိထုတ်လုပ်နေမှုများမှာ လုံလောက်မှုမရှိသေးသဖြင့် စီမံကိန်းရေးဆွဲသူများ၊ စီမံကိန်းအပေါ် စီမံဆောင်ရွက်ရေး ကြီးကြပ်ရမည့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ကြရမည့် ထုတ်လုပ်သူများအနေဖြင့် လူဦးရေနှင့်အညီ Supply နှင့် Demand ကို မျှတမှုရှိစေရေး တွက်ချက်၍ စားရေရိက္ခာဖူလုံမှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်ဆင့်ကြပ်မတ်သူ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ် အကောင်အထည်ဖော်ရမည့်အပြင် မွေးမြူရေးအတွက် လိုအပ်သည့် မျိုး၊ အစာ၊ ဆေးတို့ကိုလည်း အချိန်မီရရှိရေး ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်ရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်**

၎င်းအပြင် မွေးမြူရေးလုပ်ငန်းများတွင် ဇီဝကာကွယ်မှုလုပ်ငန်း Biosecurity သည်လည်း အဓိကအရေးကြီးအတွက် စနစ်တကျကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာ စိုက်ပျိုးမွေးမြူခြင်းထက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးစနစ်များကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်း/ခရိုင် ဦးစီးမှူးများက အကြံပေးဆွေးနွေးခြင်းများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆရာစားမချန်ဘဲ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များအလိုက် လုပ်ငန်းများအောင်မြင်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း စားရေဖူလုံမှုကို ဆောင်ရွက်ပေးနိုင်ရုံသာမက တိုင်းဒေသကြီးအတွင်း ပိုလျှံသော သား၊ ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေးအထိ စီမံသွားရန်နှင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇုန် (၂) အတွင်းရှိ အသားတိုးဝက်များနှင့် အဆင့်မြင့် ဥစားကြက်များ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

**စနစ်တကျထိန်းသိမ်းထားရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်ကျေးရွာအနီးရှိ အမျိုးသားညီလာခံကျင်းပခဲ့သည့် ညောင်နှစ်ပင် ပြည်ထောင်စုခန်းမကြီးသို့ သွားရောက်၍ ပြည်ထောင်စုခန်းမကြီးနှင့် သီးသန့်ဆွေးနွေးခန်းမများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုကာ ဒုတိယဝန်ကြီးချုပ်က သမိုင်းဝင်အဆောက်အအုံများ ဖြစ်သည့်အတွက် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် အဆောက်အအုံများ အတွင်း/အပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် စီမံကိန်းသို့ ရောက်ရှိကြရာ အဆိုပါဇုန်အတွင်းရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေး၊ အသားတိုးဝက်ပေါက်ထုတ်လုပ်ရေး၊ အစေ့ထုတ်ပြောင်းစပ်မျိုး (Hybrid) မျိုးစေ့စိုက်ပျိုးထုတ်လုပ်ရေး၊ တိရစ္ဆာန်အစာထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဥစားကြက်ခြံများအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် အဆောက်အအုံများ တည်ဆောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**Zigzag စနစ်ပုံစံဖြင့် စိုက်ပျိုးထားရှိ**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်က မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်ပြီး မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ သက်သာသည့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းပေးနိုင်ရေး၊ ဇုန်များမှ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် အခြားစားသောက်ကုန်ပစ္စည်းများကိုလည်း တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျအကောင်အထည်ဖော်ကြိုးစားဆောင်ရွက်သွားရန်၊ မွေးမြူရေးလုပ်ငန်းများဖြစ်သည့်အတွက် ဇီဝကာကွယ်ရေး (Biosecurity) သည် အရေးကြီးသဖြင့် စတင်တည်ဆောက်သည့်အချိန်မှပင်စပြီး မွေးမြူရေးခြံများအပြင် စီမံကိန်းဧရိယာတစ်ခုလုံးအတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရေး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာ ထုတ်လုပ်မှုအပိုင်းတွင် ကျွမ်းကျင်ပညာရှင်များ ရှိပြီးဖြစ်၍ အမှန်တကယ်အောင်မြင်သည့် အစာစပ်နည်းစနစ်များဖြစ်အောင် ဆောင်ရွက်သွားရန်၊ အစေ့ထုတ်ပြောင်းစပ်မျိုး(Hydrid) မျိုးစေ့များ ထုတ်လုပ်ရာတွင်လည်း သုံးစွဲသူတောင်သူများအတွက် အာမခံမှုရှိသည့်မျိုးများဖြစ်ရန်လိုအပ်ပြီး စိုက်ပျိုးသည့်တောင်သူများ သီးထပ်စိုက်ပျိုးနိုင်သည့် ပြောင်းမျိုးစေ့များ ဖြစ်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်ရန်၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အကောင်ရေ သောင်းဂဏန်း သိန်းဂဏန်းမွေးမြူရာတွင် မျိုးလုံလောက်စွာ အချိန်မီမရရှိမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်များနှင့် တိရစ္ဆာန်အစာများ သက်သာသောဈေးနှုန်းဖြင့် ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးပေးရန်နှင့် ဇုန်နယ်နိမိတ်တွင် အရိပ်ရလေကာပင်များကို အပင်သုံးတန်း Zigzag စနစ်ပုံစံဖြင့် စိုက်ပျိုးထားရှိရန် မှာကြားသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇုန်အတွင်း DYL အသားတိုးဝက်မွေးမြူရန် တည်ဆောက်ထားရှိသည့် အလုံပိတ်အအေးပေးစနစ် (Evaporated Auto Driking Auto Feeding System) ဝက်ခြံများနှင့် Lohmann Brown (Germany) ဥစားကြက်များကို အလုံပိတ်အအေးပေးစနစ် (Evaporated Fully Automatic System) ဖြင့် မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဥစားကြက်ခြံများအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# အစိုးရ - ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၂

**အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများရှိခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့စေရေး ပံ့ပိုးပေးနိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ အစည်းအဝေးများကို လေးလတစ်ကြိမ် ကျင်းပရန် လျာထားသတ်မှတ်ချက်အတိုင်း ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) အကောင်အထည်ဖော် ဆောင်ရွက်မှုကာလ ပြီးဆုံးတော့မည်ဖြစ်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀)ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၆-၂၀၃၀) အတွက် ကဏ္ဍများကိုရွေးချယ်ပြီး လုပ်ငန်းစီမံချက် (Plan of Actions–PoA) များကို ရေးဆွဲသည့်အခါ သက်ဆိုင်ရာကဏ္ဍအလိုက် အစိုးရ – ပုဂ္ဂလိက အဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်းရေးဆွဲကြရန်ဖြစ်ကြောင်း။

အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်ပို့နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ Open General License – OGL ရရှိရေး အိန္ဒိယနိုင်ငံအစိုးရနှင့် G to G ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့မှုသည် ကောင်စီ၏ သိသာသော ရလဒ်တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပပေးခဲ့ပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အဖြစ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အလားအလာရှိသော ထုတ်ကုန်များကိုရွေးချယ်၍ လုပ်ငန်းရှင်များကို ဆုချီးမြှင့်ပေးခဲ့သည့်အပြင် ပြပွဲကာလအတွင်း MSME လုပ်ငန်းရှင်များ ပြည်တွင်း/ပြည်ပ ဈေးကွက်ချိတ်ဆက်ရရှိရေး၊ ချေးငွေရရှိရေးအတွက် ဘဏ်များနှင့် ချိတ်ဆက်နိုင်ရေး ကူညီပေးမှုများကြောင့် ပို့ကုန်တင်ပို့လိုသည့် လုပ်ငန်းရှင်များအတွက် အထောက်အကူကောင်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကဏ္ဍများအလိုက် ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ကန့်သတ်ချက်များ တင်ပြလာမှုများအပေါ် တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကား ပြောကြားပြီး ကောင်စီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌက ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကိုရှေးရှုပြီး ပြန်လည်ဆွေးနွေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၁/၂၀၂၅) ကျင်းပ

နေပြည်တော် မေ ၂၂

**အလုပ်သမားဝန်ကြီးဌာန အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၅) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးသို့ အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်/အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် လူမှုကာကွယ်စောင့်ရှောက်မှုများကို လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၂၆ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး အလုပ်ဌာနများမှ အာမခံအလုပ်သမား ၁ ဒသမ ၂၉ သန်းခန့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း။

လူမှုဖူလုံရေးအဖွဲ့တွင် ဆေးရုံသုံးရုံ၊ မြို့နယ်ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ Capitation Payment ဖြင့် ဆေးခန်း နှစ်ခန်း၊ Fee for Service Payment ဖြင့် ဆေးခန်း ၇၂ ခန်း၊ သားဖွားခန်း ၁၃ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းနှင့် နယ်လှည့်ဆေးကုသယာဉ် သုံးစီးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အာမခံအလုပ်သမားများ ဆေးကုသရာတွင် Out of Pocket နည်းစေရန်အတွက် ဆေးဖိုးပြန်လည်ပေးအမ်းသည့် ခါတ်ခွဲစမ်းသပ်ခနှုန်းထားများ၊ ခါတ်ခွဲခန်းဝန်ဆောင်ခနှုန်းထားများ၊ ကျောက်ကပ်သန့်စင်ခြင်းအတွက် နှုန်းထား၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၏ နှုန်းထားများ၊ အူအတက် ခွဲစိတ်ခြင်းအတွက် နှုန်းထားများအား ခေတ်ကာလနှင့် လျော်ညီစွာ ပြင်ဆင်သတ်မှတ်၍ ဆေးဖိုးစိုက်ထုတ်ငွေများကို ပေးအမ်းပေးလျက်ရှိကြောင်း။

**အကျိုးခံစားခွင့်ထုတ်ပေးမည်**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးကို ရှေးရှုပြီး ယခုအစည်းအဝေးတွင် မန္တလေးမြေငလျင် လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုရှိ အာမခံထားသူများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ခြင်းနှင့် အာမခံအလုပ်သမားများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်တို့၌ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ် ခွင့်ပြုထုတ်ပေးခြင်းများအား မှတ်တမ်းတင်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ပနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်းပြီး မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့(PERKESO) နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ MOC အား အသစ်ပြန်လည် လက်မှတ်ရေးထိုး၍ မလေးရှားနိုင်ငံရောက် အာမခံထားသူ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်ငန်းခွင်ထိခိုက်မှုဆိုင်ရာ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ မှန်ကန်မြန်ဆန်စွာ ရရှိစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသားအဆင့်အဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဌာနကိုယ်စားလှယ်များက အစီအစဉ်အတိုင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၂

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် မေ ၂၇ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက်နှစ်ရက်အတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၂

**စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက ယနေ့အစည်းအဝေး၌ မန္တလေးငလျင်ကြီးကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှာ ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အလားတူ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရေး၊ မွေးမြူရေး လျာထားချက်များပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများဖြည့်ဆည်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိသီးနှံများစိုက်ပျိုးသည့် ကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီး ပြည်နယ်များအားလုံး၌ လျာထားချက် ပြည့်မီမှန်ကန်အောင် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ၊ လိုအပ်ချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆွေးနွေးတင်ပြသွားရန်ဖြစ်ပြီး ကော်မရှင်အနေဖြင့် လိုအပ်သော လမ်းညွှန်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)တွင် နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်လာစေရေး ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတွက် ကော်မရှင်ဝင်များ၊ ပြည်နယ် တိုင်းဒေသကြီး အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပြီး လိုအပ်ချက်ကို တင်ပြဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုရှိစေရန်၊ ဆီထွက်သီးနှံများ အထွက်နှုန်းမြင့်မားစေရန်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတဖူလုံစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငလျင်ထိခိုက်မှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန် လိုကြောင်း။

နိုင်ငံတော်အကြီးအကဲမှ မေ ၂၀ ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏ တင်ပြချက်များသည် အချက်အလက်များ မှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ အချက်အလက်များမှန်ကန်မှုရှိမှသာလျှင် နောင်တွင် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် Agro-Base Industry ကိုသွားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှ ချည်ထည် ၎င်းမှ ပိတ်စအထည်အလိပ် လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ရကြောင်း အလားတူ ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း လမ်းညွှန်ထားပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် အဖွဲ့ချုပ်များ၊ လုပ်ငန်းရှင်များအနေဖြင့် လမ်းညွှန်မှာကြားချက်များကို အလေးထား လိုက်နာဆောင်ရွက်ပြီး လိုအပ်ချက်ကို ဆွေးနွေးပေးနိုင်ပါရန်နှင့် ကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံနှင့် သင့်တော်သော နည်းလမ်းနှင့်စနစ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးဦးတည်ပြီး ညှိနှိုင်းပေါင်းစပ်ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ်အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)တို့မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများ ရန်ကုန်မြို့သို့ရောက်ရှိပြီး လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ နည်းပြအုပ်ချုပ်သူများသည် လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်ရန် ရန်ကုန်မြို့သို့ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ သင်တန်းသား၊ နည်းပြအုပ်ချုပ်သူများသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လေကြောင်း လူငယ်သင်တန်းသားများအား ပြခန်းခန်းမဆောင်တွင်ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (ကိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည် ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ပါရှိသည့် ဓာတ်ရောင်ခြည် ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံ အကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းတွင် ပါဝင်သည့်ပစ္စည်းများနှင့် အဆင့်ဆင့် တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်း ပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယား နည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍ အသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပြည်နယ်ဥပဒေချုပ်ရုံး ဥပဒေအရာရှိများ၊ ဥပဒေဝန်ထမ်းများအား ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကယ်ဆယ်ရေးပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတက်ရောက်

မြစ်ကြီးနား မေ ၂၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီက ပြည်နယ်ဥပဒေချုပ်ရုံး၌ ကျင်းပပြုလုပ်သည့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ယနေ့ ဥပဒေအရာရှိများအနေဖြင့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်တစ်ရပ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများအတွက် ဥပဒေရေးရာဝန်ဆောင်မှုပေးရာတွင် အားလုံးတန်းတူညီမျှ အခွင့်အရေးရရှိစေရေး၊ ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရပိုင်ခွင့်ရရှိစေရန် အမြဲအလေးထား ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဥပဒေအရာရှိများက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သည့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ဒေသတွင်းရှိ ရှာဖွေကယ်ဆယ်ရေး အသင်းအဖွဲ့များအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(ယာဖုံ)နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရထံမှ ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းထားသည့် ယာယီမိုးကာတဲ (အဆောင်သေး) အစုံ ၁၀၀၊ မိုးကာလိပ် ၃၁၂ လိပ်၊ ခေါက်ဆွဲခြောက်ဘူးများနှင့် ဆန်ပြုတ်ဘူးများကို ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များထံ လွှဲပြောင်းထောက်ပံ့ပေးအပ်ကြပြီး ယာယီမိုးကာတဲအိမ်များနှင့် မိုးကာလိပ်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များနှင့်အတူ သပြေကုန်းဈေးရှေ့ ပိတောက်လမ်းမကြီးသို့သွားရောက်ပြီး လမ်းဘေးရေနုတ်မြောင်းများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**




ထို့နောက် သပြေကုန်းဈေးအတွင်း ဈေးရုံအဆောက်အအုံ ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေး၊ လုပ်ငန်းများ အပိုင်းလိုက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး၊ ဈေးအတွင်း သန့်ရှင်းသပ်ရပ်စေရေးနှင့် အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေး၊ ဈေးများ ပုံမှန်အတိုင်း အမြန်ဆုံး လည်ပတ်ရောင်းချနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမဝင်းအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများ နေထိုင်နိုင်ရန်အတွက် Container House များ တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အောက်ခံခုံတိုင်များ စနစ်တကျ ညီညာမှုရှိအောင် ဆောင်ရွက်ရန်၊ ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် စနစ်တကျ သုံးစွဲဆောင်ရွက်ရန်၊ သောက်သုံးရေများနှင့် သန့်စင်ခန်းများ လုံလောက်စွာ ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် သဇင် ၅ အဆောင်များနှင့် ဥဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၃၁၀၃ တို့ကို ပြန်လည်ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ပြန်လည်ပြုပြင်နိုင်ရေး၊ လုပ်သားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြုပြင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် ဇမ္ဗူဒီပရပ်ကွက် ရာဇသင်္ဂဟအိမ်ရာ ၁ ဝင်းအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေး ပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှု၊ ရာဇဌာနီလမ်းမကြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း (AC)ခင်းကျင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် အပိုင်းလိုက် စနစ်တကျဆောင်ရွက်ရေး၊ လုပ်သားအင်အား တိုးမြှင့်ပြီး နေ့ဆိုင်းညဆိုင်းဖြင့် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ပြန်လည်ပြုပြင်မွမ်းမံရေး လုပ်ငန်းများ၊ Cement grouting ဆောင်ရွက်နေမှု၊ Backhoe breaker များဖြင့် Soil stabilization ဆောင်ရွက်နေမှုနှင့် မူလရင်ပြင်တော် ကြမ်းခင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရေရှည်ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရေး၊ နည်းပညာဆိုင်ရာပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးနှင့် မြေထိန်းနံရံများ စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**တာချီလိတ် မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၉ နာရီက မိုင်းကိုးကျေးရွာအုပ်စု အမှတ်(၁၀၀၉)နယ်ခြားစောင့်တပ်၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့် မြို့နယ်သစ်တောဦးစီးမှူးတို့က ပျိုးပင်များပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ အမှတ်(၁၀၀၉) နယ်ခြားစောင့်တပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူ ၄၀၀ ခန့်က ကျွန်းပင် ၂၀၀၊ မဟော်ဂနီပင် ၂၀၀၊ မဲဇလီပင် ၂၀၀၊ မန်ကျည်းပင် ၂၀၀၊ စိန်ပန်းကြီးပင် ၅၀၊ ကံ့ကော်ပင် ၅၀၊ ခရေပင် ၅၀၊ တောင်တမာပင် ၅၀၊ ပန်းမဲဇလီပင် ၂၁၀ စသည့်ပျိုးပင် စုစုပေါင်း ၁၂၁၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



# နေပြည်တော်၌ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်ဆောင်ရွက်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ယနေ့ နံနက်ပိုင်းမှ စတင်၍ "ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ၊ ဆရာမများက ကျောင်းအပ်နှံရာတွင် စနစ်တကျ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးကြသည်။



ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ကျောင်းအပ်နှံရေး ရက်သတ္တပတ် မတိုင်ခင်ကတည်းက ကျောင်းဝင်း အတွင်း အပြင် သန့်ရှင်းသာယာလှပရေးနဲ့ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ ဆောင်ရွက်ထားရှိပါတယ်။ ဒီနေ့ ကျောင်းစတင်အပ်နှံရေးနေ့မှာ ယခင်နှစ်က ကျောင်းသားဟောင်းတွေနဲ့ ထပ်မံလာရောက်အပ်နှံတဲ့ ကျောင်းသားတွေ ပိုမိုများပြားတာကို တွေ့ရပါတယ်။ ကျောင်းပြောင်းလာရောက်အပ်နှံတဲ့ ကျောင်းသား ကျောင်းသူတွေကို အဆင်ပြေစွာ လက်ခံဆောင်ရွက်ပေးနေပါတယ်။ ကျောင်းအပ်နှံရေး အချိန်ကိုတော့ နံနက် ၈ နာရီကနေ ညနေ ၃ နာရီအထိ သတ်မှတ်ထားပါတယ်။ အခမဲ့ပညာရေးဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက အထက်တန်းနဲ့ အလယ်တန်းဆိုရင် ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ နှစ်ချောင်း၊ ဘောပင်နှစ်ချောင်း ထောက်ပံ့ပေးပါတယ်။ မူလတန်းဆိုရင် ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်၊ ခဲတံလေးချောင်းနဲ့ ကျောင်းဝတ်စုံ ထောက်ပံ့ပေးပါတယ်။

"မိဘတိုင်းက ကလေးတွေကို "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နီးစပ်ရာကျောင်းတွေမှာ ကျောင်းအပ်နှံကြဖို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောကြားသည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပဓိရုပ်ကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့်စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များ စိုက်ထူထားခြင်း၊ ကျောင်းအပ်ရန် စာသင်ခန်းများပြ စနစ်ပုံ ဆိုင်းဘုတ်များထားရှိခြင်း၊ စာသင်ခန်းများအတွင်း၌လည်း စာသင်ခုံများ စနစ်တကျနေရာချထားခြင်းနှင့် ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "မေ ၂၂ ရက်ကနေ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဆိုပြီး ဆောင်ရွက်နေပါတယ်။ ကျောင်းတွေအားလုံး ဇွန် ၂ ရက်မှာ စတင်သင်ကြားခြင်းလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျောင်းပြောင်းလာကြတဲ့ ကျောင်းသား ကျောင်းသူတွေ အားလုံးကို ကျောင်းအပ်လက်ခံဖို့ ညွှန်ကြားထားတာရှိတဲ့အတွက် ကျောင်းသားအဟောင်းရော အသစ်ပါ မည်သူမဆို လာရောက်အပ်နှံလို့ရပါတယ်။ လာရောက်အပ်နှံတဲ့ ကျောင်းသားတွေအားလုံးကိုလည်း လက်ခံပေးသွားမှာဖြစ်ပါတယ်။

"Grade-12 စာမေးပွဲပြန်လည်ဖြေဆိုဖို့အတွက် မေ ၂ ရက်က စတင်ပြီး အထက(၆)၊ အထက (၇)နဲ့ အထက(၈)တို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၀ ကို စခန်းသွင်း လေ့ကျင့်သင်ကြားပေးနေပါတယ်။ ဆရာ ဆရာမတွေက သင်ကြားခြင်း လုပ်ငန်းတွေကို တနင်္လာနေ့မှ စနေနေ့အထိ ဆောင်ရွက်ပါတယ်။ တနင်္ဂနွေတစ်ရက်မှာတော့ ပြန်လည်လေ့ကျင့်ခြင်းနဲ့ သုံးနာရီမေးခွန်း ဖြေဆိုခြင်းတွေကို ဆောင်ရွက်ပါတယ်။ သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ်အတွက် အထက်တန်းပြ ဆရာ ဆရာမတွေက အလှည့်ကျစနစ်နဲ့ သင်ကြားပို့ချပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရက ကျောင်းသား ကျောင်းသူတွေရဲ့ စားရေးနဲ့ နေထိုင်ရေးကိစ္စတွေ အားလုံးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အရ ဇွန် ၂၁ ရက် စာမေးပွဲနောက်ဆုံးနေ့အထိ စခန်းသွင်းလေ့ကျင့်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများနှင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း သက်ဆိုင်ရာ မြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာဖြင့် ကျောင်းတက်၊ ကျောင်းဆင်း သွားလာနိုင်ရန်အတွက် ကျောင်းကြို၊ ပို့ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ထားဆွေက "ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် စတင်သတ်မှတ်လိုက်တဲ့အချိန်မှာပဲ ကျောင်းဧရိယာ သန့်ရှင်းသာယာလှပစေရေးနဲ့ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကျောင်းဝင်းကျောင်းပြင်သန့်ရှင်းရေးကို ဆောင်ရွက်ထားပါတယ်။ ကျောင်းသား ကျောင်းသူတွေကို စာသင်ခုံနဲ့ စာသင်ခန်းအဆင်ပြေစေဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ ကျောင်းအပ်နှံရေးအချိန်ကိုတော့ မိဘတွေက ရုံးဝန်ထမ်းတွေဖြစ်တဲ့အတွက် နံနက် ၇ နာရီကနေ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပေးပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒီရက်သတ္တပတ်အတွင်း ကျောင်းအပ်နောက်ကျခဲ့လည်း လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကျောင်းအပ်လက်ခံဖို့အတွက် ကျောင်းသားဦးရေ ကန့်သတ်တာမျိုးမရှိဘဲ ကျောင်းသားမိဘတွေနဲ့ ကျောင်းသားတွေ အဆင်ပြေမယ်ဆိုရင် လာအပ်သမျှကို လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းဖွင့်ရက်မှာ ကျောင်းသား ကျောင်းသူတွေ စာသင်ခန်းထဲ စာသင်ကြားနိုင်ရေး ဦးတည်ချက်ဖြစ်တဲ့အတွက် ကျောင်းသားအသစ်တွေ ကျောင်းပြောင်းလက်မှတ် အခက်အခဲဖြစ်ခဲ့ရင်လည်း အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက "ကျောင်းဝင်း ကျောင်းပြင်သန့်ရှင်းသာယာလှပရေးနဲ့ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ထားတဲ့အတွက် ကျောင်းတော်ကြီးက ကျောင်းသားကျောင်းသူတွေကို လှပတင့်တယ်စွာနဲ့ ကြိုဆိုနေပါတယ်။ မေ ၂၂ရက်ကနေ ဇွန် ၁ ရက်အထိ ပိတ်ရက်မရှိ နံနက် ၇နာရီကနေ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပေးနေပါပြီ။ ကျောင်းသားအဟောင်းရော ကျောင်းသားအသစ်ပါ ပထမဆုံးရက်မှာ အများအပြားလာရောက်အပ်နှံနေကြတာကို တွေ့ရပါတယ်။ ကျောင်းသားဦးရေ ကန့်သတ်ထားတာမျိုး မရှိဘဲ ဝင်ဆံ့အင်အားအထိ လက်ခံသွားမှာဖြစ်ပါတယ်။

"ကျွန်မကျောင်းမှာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမအကြိမ်က ဖြေဆိုခဲ့တဲ့ Grade-12 ကျောင်းသား ကျောင်းသူ ၆၆ ဦးရှိပါတယ်။ အခုဆိုရင် အမှတ်(၅) အခြေခံပညာအထက်ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၆၆ ဦးနဲ့ အထက်တန်းပြ ဆရာ ဆရာမ ၁၄ ဦးက နေ့ဘက်မှာဆိုရင်လည်း စာသင်ကြားပြသပြီးတော့ ညဘက်ဆိုရင်လည်း Study Guide လုပ်ပေးပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် အခု ဒုတိယအကြိမ်မှာဆိုရင် စာတွေကို ပိုမိုကြိုးစားပြီး အားရကျေနပ်မှုတွေ ရရှိတယ်လို့ ကြားသိရပါတယ်။

"လူငယ်တွေအနေနဲ့ ပညာရေးကို စဉ်ဆက်မပြတ်သင်ယူသွားမှသာလျှင် အနာဂတ်တိုင်းပြည်အတွက် အားသစ်တစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအားလုံးဟာ မည်သည့်အခက်အခဲရှိနေပါစေ ကျောင်းတက်ကြပါ။ ကျောင်းပညာကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူလတန်းအဆင့်၌ ၁၉၁၀၆ ဦး၊ အလယ်တန်းအဆင့်၌ ၇၇၃၆ ဦးနှင့် အထက်တန်းအဆင့်၌ ၃၆၄၅ ဦး စုစုပေါင်း ၃၀၄၈၇ ဦး လာရောက်အပ်နှံကြကြောင်း သိရသည်။

**မျိုးဆက်သစ်၊ဓာတ်ပုံ-ဖိုးပြည့်စုံ**

## ကြံခင်းမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ သား၊ သမီးများအား ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်စရိတ်ပေးအပ်

**ကြံခင်း မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ရဲတပ်ဖွဲ့ဝင် မိသားစုများ၏ သား၊ သမီးများအား ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်စရိတ်ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် သီတဂူဗုဒ္ဓတက္ကသိုလ်(ပြည်) (ပါမောက္ခ) ဒေါက်တာပညာနန္ဒ (Ph.D.Thesis) က ဆုံးမသြဝါဒ စကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၂၅ ဦးအား ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်စရိတ်များ ပေးအပ်ကြသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**သာစည် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ပညာရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး အခြေခံပညာကျောင်းများသို့ အခမဲ့ထောက်ပံ့ပေးသော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်



**ရန်ကုန် မေ ၂၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး "ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထား၍ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သူငယ်တန်း (KG)မှ ဒွါဒသမတန်း (Grade 12) အတန်းအထိ မေ ၂၂ ရက်မှ ဇွန် ၁ ရက် အထိ ကျောင်းအပ်နှံရေးရက်သတ္တပတ်သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုကို ယနေ့မှ စတင်လက်ခံလျက်ရှိသည်။

ရန်ကုန်မြို့တွင်းရှိ အခြေခံပညာကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်၍ ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ တာဝန်ကျ ဆရာ ဆရာမများက ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများကို ကျောင်းလာရောက်အပ်နှံရာတွင် အဆင်ပြေချောမွေ့စေရေး၊ ကျောင်းသားများ စာရင်းပေးသွင်းရာတွင် စည်းကမ်းတကျဖြစ်စေရေးတို့အတွက် ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

ကျောင်းအပ်နှံရေးလုပ်ငန်း ဆောင်ရွက်ပေးမှုနှင့် စပ်လျဉ်း၍ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာ စန္ဒာမြငြိမ်းက "ကျောင်းအပ်နှံရေးရက်သတ္တပတ် မစတင်မီမှာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်အတွက် နိုင်ငံတော်က ထောက်ပံ့ပေးမယ့် ပစ္စည်းတွေကို ဆရာ ဆရာမတွေနဲ့ ကျွန်မတို့က မြို့နယ်ပညာရေးမှူးရုံးမှာ ထုတ်ပြီး ကလေးတွေကို ဒီနေ့ ကျောင်းစတင်အပ်တဲ့အချိန်မှာ တစ်ပါတည်းပေးနိုင်အောင် ကြိုတင်ပြင်ဆင်ပြီးတော့ ကျောင်းအပ်နှံရေးရက်သတ္တပတ်ကို လက်ခံဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်၊ ကျောင်းအပ်လက်ခံတဲ့အခါမှာ မနှစ်က အလယ်တန်း အဆင့် Grade-9 နဝမတန်းပြီးသွားတဲ့ ကလေးတွေဟာ ဒီနှစ်အထက်တန်းအဆင့်ကို လာရောက် အပ်နှံကြတာဖြစ်ပါတယ်၊ အခုလိုမျိုး လာအပ်နှံတဲ့အခါမှာ အထက်တန်းအဆင့် စစချင်း Grade-10 ဖြစ်တဲ့အတွက် ဘာသာတွဲ ၄ တွဲကို ရွေးချယ်ရပါတယ်၊ ရွေးချယ်မှုအများဆုံးကတော့ STEAMS-1ဆိုတဲ့ ဇီဝဗေဒအတွဲရယ်၊ STEAMS-2 ဆိုတဲ့ ဘောဂအတွဲ၊ ဒီဘာသာတွဲ ၄ တွဲမှာတော့ STAM -1 ဆိုတဲ့ ပထဝီ၊ သမိုင်း၊ ဘောဂပါတဲ့ ဝိဇ္ဇာတွဲကို အယူများကြပါတယ်၊ ဒီကနေ့မှာ မိဘတွေရော ကလေးတွေပါ သူတို့နှစ်သက်ရာ ဘာသာတွဲကို ရွေးချယ်ပြီးတဲ့အခါမှာ ဩဂုတ် ၃၁ ရက်အထိ ဘာသာတွဲကို ပြောင်းလဲနိုင်ခွင့်ရှိပါတယ်၊ စက်တင်ဘာ ၁ ရက်မှာဆိုရင်တော့ ဘာသာတွဲကို ပြောင်းလဲသင်ယူခွင့် မရှိတော့ပါဘူး၊ ဒီနေ့အတွက်ကတော့ အထက်တန်းအဆင့်စတင်ကူးပြောင်းတဲ့ ကလေးတွေအတွက်ကတော့ ဘာသာတွဲတွေ ရွေးချယ်ကြတယ်၊ မိဘတွေနဲ့တိုင်ပင်တယ်၊ ဆရာ ဆရာမတွေကလည်း အကြံဉာဏ်ပေးကြပါတယ်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အစ ကျောင်းအပ်နှံရေး ရက်သတ္တပတ်မှာ မိဘတွေကအစ စတင်အပ်နှံရတဲ့ရက်ကတည်းက စိတ်ဝင်တစား အတန်းအလိုက်လာရောက်အပ်နှံတာတွေ့ရတာဖြစ်တဲ့အတွက် ကျွန်မတို့ အစိုးရအထက်တန်းကျောင်းတွေအနေနဲ့ မိဘတွေရော ကလေးတွေပါ အသက် ၅ နှစ်ပြည့်ပြီးတဲ့ ကလေး၊ ၆ နှစ်ပြည့်ပြီတဲ့ကလေးတွေပါ ကျောင်းအပ်နှံရေး ရက်သတ္တပတ်မှာ လာရောက်ကျောင်းအပ်နှံကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

ပညာရေးဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ချက်တွင် ငါးနှစ်အရွယ်ကလေးငယ်များကို သူငယ်တန်း (KG)တွင် အပ်နှံရန်နှင့် ခြောက်နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) တွင် အပ်နှံရန်နှင့် ကျောင်းအပ်နှံသည့်အခါတွင်လည်း ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံဘဲ အခမဲ့ထောက်ပံ့မှုအနေဖြင့် သူငယ်တန်း (KG)မှ ဒွါဒသမတန်း (Grade 12) သင်ရိုးသစ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း မည်သည့်အခကြေးငွေကိုမျှ လက်ခံခြင်းမပြုလုပ်ရန်၊ ငွေကြေး၊ လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုလုပ်ရန်၊ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ မရောင်းချရန် စသည့်သိရှိလိုက်နာရမည့်အချက်များကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကျောင်းအနေနဲ့ စနစ်တကျစီစဉ်ထားတဲ့အတွက် အခက်အခဲမရှိပါဘူး၊ စာအုပ်စာတမ်းတွေနဲ့ ပတ်သက်ပြီး အဆင်ပြေမှုရှိတယ်၊ ငွေကြေးကုန်ကျမှုလည်း မရှိပါဘူး၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နဲ့ကျောင်းသုံးစာအုပ်တွေကို နိုင်ငံတော်ကနေ ထောက်ပံ့တဲ့အတွက် ကျွန်တော်တို့ ရရှိပါတယ်၊ ကျွန်တော်ကတော့ ဝန်ထမ်းဖြစ်ပြီး အရင်ကနယ်မှာတာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် သမီးက ဒီကျောင်းမှာတော့ Grade-6 မှ စပြီးထားပါတယ်၊ သင်ကြားမှုတွေနဲ့ ပတ်သက်ပြီးတော့ ပြောစရာမရှိပါဘူး" ဟု ပြောသည်။

အထက(၁) ဒဂုံမှ Grade-11 သို့ တက်ရောက်မည့် ကျောင်းသူ မရှင်မင်းအေးက "Grade-11 ကို ကျောင်းလာအပ်တာဖြစ်ပါတယ်၊ သမီးက Grade-11 Bio တွဲယူပြီး ပညာသင်ယူမှာဖြစ်ပါတယ်၊ ဒီကျောင်းက ဆရာ ဆရာမတွေကတော့ ကျောင်းသားတွေကို သူတို့သိသမျှပညာတွေ မျှဝေပေးပါတယ်၊ ကျောင်းသားတွေကိုလည်း တတ်နိုင်သမျှ အစွမ်းကုန်သင်ကြားပေးပါတယ်၊ ကျောင်းသားတွေ အချင်းချင်းလည်း ချစ်ကြည်ညီညွတ်မှုရှိပြီးတော့ သမီးတို့အားလုံး ပျော်ရွှင်ရပါတယ်၊ သမီးရဲ့ ဘဝရည်မှန်းချက်ကတော့ ထူးချွန်ထက်မြက်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ပဲ ဖြစ်ပါတယ်၊ သမီးကတော့ အထက(၁)ဒဂုံမှာ နောက်ဆုံး Grade-12အထိ ထူးချွန်ထက်မြက်တဲ့ ကျောင်းသူတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်၊ ဆရာ ဆရာမတွေနဲ့ မိဘတွေအပေါ် ကျေးဇူးသိတတ်တဲ့ သမီးကောင်းရတနာတစ်ယောက်ဖြစ်သွားဖို့ ကြိုးစားသွားပါမယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မူလတန်းကျောင်း ၁၆၈၀၊ အလယ်တန်းကျောင်း ၆၆၅ ကျောင်း၊ အထက်တန်းကျောင်း ၄၀၉ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၂ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကြီး၊ ခတ်ပုံ-သီဟ**

◆ *ကျောဖုံးမှ*

မန္တလေးမြို့အတွင်းရှိ အခြေခံပညာ ကျောင်းများတွင်လည်း ယနေ့ နံနက်ပိုင်းမှ စတင်၍ ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ တာဝန်ကျ ဆရာ ဆရာမများက ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းလာရောက်အပ်နှံရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး၊ ကျောင်းသား စာရင်းပေးသွင်းရာတွင် စည်းကမ်းတကျဖြစ်စေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ကျောင်းအပ်နှံရေး လုပ်ငန်းဆောင်ရွက် ပေးခြင်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါက်တာရွှေစင်အိက " ဒီနေ့ကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းတွေအားလုံး ကျောင်းအပ်လက်ခံတဲ့နေ့ ဖြစ်ပါတယ်။ ကျွန်မတို့ မန္တလေးတိုင်းဒေသကြီးမှာလည်း ကျောင်းတွေမှာ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်ပါတယ်။ ကျောင်းလာအပ်နှံတဲ့ ကျောင်းသား ကျောင်းသူတွေကိုလည်း တန်းစဉ်အလိုက် နိုင်ငံတော်ကလိုအပ်တဲ့ ကျောင်းသုံးကိရိယာတွေကို ထောက်ပံ့ပေးပါတယ်။ နောက်ပြီး ကျောင်းလခကိုလည်း ကောက်ခံခြင်းမရှိဘဲ အခမဲ့ပညာရေးစနစ်နဲ့ ဆောင်ရွက်နေပါတယ်။ ကျောင်းအပ်လက်ခံတဲ့နေ့မှာပဲ ကျောင်းတွေမှာ ကလေးတွေကို အများအပြား လာရောက်အပ်နှံကြတာတွေ့မြင်ရပါတယ်။ ကျွန်မတို့အနေနဲ့လည်း မိဘတွေနဲ့ ကလေးတွေကို ကျောင်းလာရောက်အပ်နှံကြဖို့နဲ့ စဉ်ဆက်မပြတ် အတန်းလိုက်တက်ရောက် ပညာသင်ယူသွားဖို့ တိုက်တွန်းဖိတ်ခေါ်လိုပါတယ်။ ကျောင်းမဖွင့်မီမှာ ကျောင်းတွေအားလုံးကို ကြံ့ခိုင်မှုကောင်းမွန်စေဖို့နဲ့ ဥပမိရုပ်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်ထားပြီးပါပြီ။ ကလေးတွေ အားလုံးအတွက် လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်ဖြစ်ဖို့၊ သောက်သုံးရေတွေ၊ သန့်စင်ခန်းတွေအားလုံးကိုလည်း အဆင်သင့်ဖြစ်ဖို့ အားလုံးဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ ကလေးတွေကို စိတ်ချစွာလာရောက်အပ်နှံကြပါလို့ ပြောကြားလိုပါတယ်" ဟု ပြောသည်။

ကျောင်းအပ်နှံရာတွင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုဘဲ မူလတန်းကျောင်းသား တစ်ဦးကို ကျောင်းသုံးပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ကျောင်းဝတ်စုံတစ်စုံ၊ ခဲတံလေးချောင်း ထောက်ပံ့ပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းသားတစ်ဦးချင်းစီကို ကျောင်းသုံးပုံနှိပ် စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ဘောပင်နှစ်ချောင်း၊ ခဲတံနှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးသည်။

အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက " ကျွန်တော်တို့ကျောင်းမှာတော့ ဇွန် ၂ ရက်ကနေ ကျောင်းစတင်ဖွင့်လှစ်ပြီး စာသင်ချိန်အပြည့်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ အရင်နှစ်က ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား ကျောင်းသူပေါင်း ၃၃၀၀ ကျော် တက်ရောက်ပါတယ်။ ဒီနှစ်မှာတော့ ကျောင်းသားဟောင်းတွေလည်း ပြန်လည်တက်ရောက်ကြမှာဖြစ်သလို ကျောင်းသားအသစ်တွေလည်း တက်ရောက်မှာဖြစ်တဲ့အတွက် မနှစ်ကအရေအတွက်ထက် ပိုမိုများသွားမှာဖြစ်ပါတယ်။ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ကျွန်တော်တို့ ကျောင်းအနေနဲ့ ပျက်စီးထိခိုက်မှု နည်းပါးပါတယ်။ ဒီပျက်စီးမှုတွေကိုလည်း ပြန်လည်မွမ်းမံပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းနေအရွယ် ကလေးတွေ ကျောင်းအမြန်ဆုံး အပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင်လည်း ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာနှင့် သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ဆောင်ရွက်ထားရှိပြီး ကျောင်းအပ်နှံရေး ရက်သတ္တပတ် အတွင်း၌ မန္တလေးမြို့ရှိ ကျောင်းများ၌ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းအဖွဲ့များက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်နှင်းဇာဇာမွန်ကလည်း "ကျွန်မရဲ့ သားနဲ့သမီးကို လာရောက်ကျောင်းအပ်နှံပေးခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ ကလေးမိဘတွေနဲ့ ကျောင်းက ဆရာ ဆရာမတွေ ပူးပေါင်းပြီး ကလေးတွေ သင်ကြားသင်ယူမှု ပိုမိုကောင်းမွန်စေဖို့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါတယ်။ ကလေးတွေအတွက် လိုအပ်တာတွေကိုလည်း ဆရာ ဆရာမတွေနဲ့ မိသားစုသဖွယ် ဆွေးနွေးတိုင်ပင်ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအားလုံးကိုလည်း ကျွန်မအနေနဲ့ ပညာထူးချွန်စေချင်ပါတယ်။ မိဘတိုင်းကလည်း ကိုယ့်သားသမီးတွေကို ပညာထူးချွန် ထက်မြက်တဲ့သူတွေဖြစ်အောင် ကျောင်းကို ကြိုးစားပြီး အပ်နှံစေချင်ပါတယ်" ဟု ပြောသည်။

မန္တလေး တိုင်းဒေသကြီးအတွင်း ယခင်နှစ် ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၃၅၂၉ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၂၆၈ ကျောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၂၄၆ ကျောင်း စုစုပေါင်း ၄၀၄၃ ကျောင်း ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၁၀၂၃၂၉၀ တက်ရောက်ပညာသင်ကြားခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ယခင်ပညာသင်နှစ်ကထက် အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း၊ ကိုယ်ပိုင်ကျောင်းများ အားလုံးနီးပါး ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်

**နေပြည်တော် မေ ၂၂**

၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ ဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် ယနေ့မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းအပ်နှံမှုလက်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို ယနေ့ နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့်ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများအား တစ်ပါတည်း ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမဆုံးနေ့ ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူဦးရေ ၁၂၄၈၁၂၃ ဦးရှိပြီး စာသင်ကျောင်းများနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အခြေခံပညာကျောင်းများ၌ ကျောင်းစတင်လာရောက်အပ်နှံမှုကို ကြည့်ရှုအားပေးစဉ်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု လှည့်လည်ကြည့်ရှုအားပေးစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ မော်လမြိုင်မြို့၌ ကျောင်းအပ်နှံရေးရက်သတ္တပတ် မြေစိုက်ပိုစတာစိုက်ထူပွဲတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု လှည့်လည်ကြည့်ရှုအားပေးစဉ်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေးစဉ်။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**နေပြည်တော် မေ ၂၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းရှိ ခန်းမဍ္ဍကျင်းပရာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကျောင်းအပ်ကြစို့"သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံရေး မနှောင့်နှေး မခက်ခဲစေရေးအတွက် စနေ၊ တနင်္ဂနွေ ပိတ်ရက်မရှိ စီစဉ်လက်ခံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အခြေခံပညာကျောင်းများတွင် ဇွန်လ ကျောင်းဖွင့်ချိန်အမီ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်ရေးအတွက် ထိခိုက်ပျက်စီးမှုများအလိုက် အသစ်ပြန်လည် တည်ဆောက်ပေးခြင်း၊ ယာယီစာသင်ဆောင်များ တည်ဆောက်ပေးခြင်း၊ ကျောင်းနှင့် ကျောင်းသား အရေအတွက်ပေါ်မူတည်၍ နှစ်ချိန်တက်ကျောင်းအဖြစ် ဆောင်ရွက်ပေးခြင်းများနှင့်အတူ ရေ၊ မီး၊ သန့်စင်ခန်းပြည့်စုံရေးတို့ကို ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ (KG+9) အဆင့်ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမည့် ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင် ဝင်ရောက်နိုင်သလို သတ်မှတ်အရည်အချင်းပြည့်မီပါက အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့လာခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် လေးကျောင်း ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်ဆောင်ပုဒ်ကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ရင်း ပညာရေးဝန်ထမ်းများ၊ ပညာရေးနှင့်ဆက်စပ်သော ဌာနများနှင့် မိဘပြည်သူများအားလုံး အမျိုးသားရေးအသွင်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော ပညာရေးရင်းနှီးမြှုပ်နှံမှုကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမဲ့ပုံနှိပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံများ၊ ကျောင်းဝတ်စုံများ၊ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူးများက လက်ခံရယူကြပြီး (ဝဲပုံ) ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ရှမ်းတဲသို့ သွားရောက်၍ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာသင်ခန်းအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံကြသည့် ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** (Forum on Rebuilding Myanmar: Post-Earthquake Economic Recovery) သုံးသပ်ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတွင် "မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ်ရိုက်ခတ်မှုများ"၊ "စီးပွားရေးပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"၊ "စီးပွားရေးပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း" စသည့်ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ (Observer) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအား သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page ၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။




သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https://myanmarnarrative.org/ ၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ၊ ဖုန်း ၀၆၇ - ၃၄၁၂၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း - ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ၊ ဖုန်း -၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

**မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ သာသနိက အဆောက်အအုံနေရာများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်း ဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့နန်းဦးမြို့သစ်အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများ မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် Modular House ဆောက်လုပ်နေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်းရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြှင့်တင် ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး ဂန္ဓကုဋိတိုက် ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်းလုပ်ငန်းနှင့် ကျောင်းတော်ကြီးအား ပြုပြင်ဆောင်ရွက်နေမှုအားလည်းကောင်း၊ စိန်ဖူးတော်အသစ်ပြုလုပ်နေမှု အခြေအနေများအားလည်းကောင်း၊ ယာယီအပူဇော်ခံထားရှိသော ထီးတော်ကြီး စိန်ဖူးတော်အဟောင်းနှင့် ဘုရားကြီးမျက်နှာသစ်ရာတွင် အသုံးပြုသော ရတနာပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအား လည်းကောင်း သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတက္ကသိုလ်သို့သွားရောက်၍ ပင်မဆောင် အပေါ်ထပ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျ ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများ၊ တက္ကသိုလ်စာကြည့်တိုက်တွင် အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ထားရှိမှုတို့အားလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ ပစ္စည်းလက်ခံ/ထုတ်ပေးရေးအဖွဲ့ ယာယီရုံးတွင် ရှာဖွေတွေ့ရှိသော ပစ္စည်းများအား သက်ဆိုင်ရာပိုင်ရှင်အသီးသီးထံ စနစ်တကျလွှဲပြောင်းထားရှိမှုနှင့် ထပ်မံရှာဖွေတွေ့ရှိသော ငွေနှင့် ပစ္စည်းများအား စနစ်တကျထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲ/ယာရှိ အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများနှင့် အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားကြီး ထီးတော် ပြန်လည်ပြုပြင်ရန်အတွက် ပြင်ဆင်ထားရှိမှုများနှင့် ရွှေကူကြီးမြတ်စွာဘုရားအတွင်းရှိ ကျောင်းတိုက်များအား စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော "အောင်" အီလက်ထရောနစ်ပစ္စည်း ရောင်းဝယ်ရေးဆိုင်အား စက်ယန္တရားကြီးများဖြင့် ဖြိုဖျက်နေမှုအား လည်းကောင်း၊ အောင်မြေသာစံမြို့နယ် အတွင်းရှိကျုံး အနောက်စည်ရှည်တံခါးအား သွားရောက်၍ လုပ်ငန်းပြီးစီးမှု အခြေအနေများအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ယာယီသုံးခန်းတွဲလိုင်းခန်းများ တည်ဆောက်နေမှု အခြေအနေများနှင့် ကျောက်ဆည်ခရိုင် စုပေါင်းရုံးအတွင်း၊ယာယီရုံးခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် Modular Container House များ တည်ဆောက်နေမှု အခြေအနေများ၊ ကျောက်ဆည်ခရိုင် အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိက အဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများနှင့် စဉ့်ကိုင်မြို့နယ်ရှိ Power Gen Kyaukse Campany Limited သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် စက်များပြန်လည်လည်ပတ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ပွဲကစားချိန် ၄၂ မိနစ်တွင် စပါးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဂျွန်ဆင်သည် ၂၀၁၀ ပြည့်နှစ်က ဖူလ်ဟမ်အသင်းမှ ဆိုင်မွန်ဒေးဗီးစ်ပြီးနောက် ယူရိုပါလိဂ်ဗိုလ်လုပွဲတွင် ဂိုးသွင်းယူနိုင်သည့် ပထမဆုံး ဝေးလ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲစဉ်တွင် စပါးကို ရှုံးနိမ့်ပြီး ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သည့်အတွက် လာမည့်နှစ် ဥရောပပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိတော့မည် မဟုတ်ဘဲ ပြည်တွင်းဖလား ပြိုင်ပွဲများတွင်သာ အဓိကထားယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။ မန်ယူအသင်းသည်နည်းပြသစ် အမ်မိုရင်လက်ထက်တွင် အဆိုးရွားဆုံးရာသီတစ်ခုနှင့် ကြုံတွေ့ခဲ့ရပြီး ပရီမီယာလိဂ်တွင်လည်း ၃၇ ပွဲကစားပြီး ရမှတ် ၃၉ မှတ်ဖြင့် တန်းဆင်းဇုန် အထက်တွင်သာ ရပ်တည်နိုင်သည်။

**ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ**

စပါးအသင်းသည် ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးရရှိခဲ့သည့်အတွက် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

**အောင်ဇော်**

---

❈ *ကျောဖုံးမှ*

ဂျိုရှူအာဗန်သည် ဘရာဇီးဖိုက်တာ ဘရူနိုဆေးလ်ဗားနှင့် ယှဉ်ပြိုင် ထိုးသတ်ရမည်ဖြစ်ပြီး လေးလအကြာတွင် နောက်တစ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။

ဂျိုရှူအာဗန်နှင့် ဆေးလ်ဗားသည် မတ် ၈ ရက်ကတည်းက ထိုးသတ်ရန် စီစဉ်ထားသော်လည်း ပွဲပျက်ခဲ့သဖြင့် ဂျိုရှူအာဗန်သည် အခြားဖိုက်တာတစ်ဦးနှင့် ပြောင်းလဲ ထိုးသတ်ခဲ့ရခြင်းဖြစ်သည်။ ဂျိုရှူအာဗန်သည် ပရော်ဖက်ရှင်နယ် ကစားသမား ဘဝ ၁၅ ပွဲ ထိုးသတ်ထားရာ ၁၃ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး UFC နှင့် လက်တွဲပြီးနောက် ခုနစ်ပွဲ ထိုးသတ်ထားရာ ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

**ညီမြတ်သော်တာ၊**
**ဓာတ်ပုံ-UFC**

---

## လပွတ္တာမြို့နယ်၌ အသစ်ဝင်ရောက်မည့် ဆရာ ဆရာမများအား ကြိုဆိုပွဲအခမ်းအနားကျင်းပ

လပွတ္တာ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ယမန်နေ့က လပွတ္တာမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများသို့ လက်ထောက်မူလတန်းပြအဖြစ် အသစ်ဝင်ရောက်မည့် ဆရာ ဆရာမများအား ကြိုဆိုပွဲအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးဝင်းမောင်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသူရက အသစ်ဝင်ရောက်မည့် ဆရာ ဆရာမများအား ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကျော်ဝင်းက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

လပွတ္တာ မြို့နယ်အတွင်း လက်ထောက်မူလတန်းပြအဖြစ် အသစ်ဝင်ရောက်မည့် ဆရာ ဆရာမ စုစုပေါင်း ၈၉ ဦးတို့က နယ်ပယ်ဒေသအသီးသီးသို့ မေ ၂၂ ရက်မှစ၍ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---



## မော်လိုက်မြို့၌ ကျောင်းအပ်နှံရေးနေ့မြေစိုက်ပိုစတာစိုက်ထူ

မော်လိုက် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေးနေ့မြေစိုက်ပိုစတာကို မေ ၂၂ ရက်နံနက်က အ.ထ.ကကျောင်းရှေ့၌ တာဝန်ရှိသူများက စိုက်ထူခဲ့ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် တက်ရောက်လာကြသူများက မြေစိုက်ပိုစတာကို စိုက်ထူခဲ့ကြပြီး တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ မော်လိုက်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ လက်ခံလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**



## မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မင်းဘူး မေ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇ နာရီက ဆင်ခေါင်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ပျိုးပင်များကို ခရိုင်နှင့်မြို့နယ် အဆင့် တာဝန်ရှိသူများထံ ပေးအပ်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး နေ့ အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုး ပွဲတော်အဖြစ် ပိတောက်၊ ယင်းမာ၊ စိန်ပန်းနှင့် တမာ ပျိုးပင် စုစုပေါင်း ၁၀၃၅ ပင်ကို တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြပြီး အဆိုပါ ဧရိယာအတွင်း သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်ရေအမြဲတမ်း ပျိုးဥယျာဉ်နှင့် ရွှေတပင်အမြဲတမ်းပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပျိုးဥယျာဉ်နှစ်ခုတွင် ဘဏ္ဍာနှစ်အလိုက် နှစ်စဉ် ပျိုးထောင်ထားရှိမှု၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ရေးအတွက် သစ်တောများ တည်ထောင်၍ သစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီး ချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်**
**(မင်းဘူး)**

## ၂၀၂၅ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မေ ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေး လာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီ အကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ပလတ်စတစ်စွန့်ပစ်ခြင်း၏ ကြောက်မက်ဖွယ်ရာ အန္တရာယ်များ" မျက်နှာဖုံး ဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင် (မေလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီး ဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ခင်မောင်အေး၊ ကြည်လွင်ဦး (ရေနံ) တို့၏ "ပလတ်စတစ်စွန့်ပစ်ခြင်း၏ ကြောက်မက်ဖွယ်ရာ အန္တရာယ်များ" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ စန်းနီလာဝင်း၊ ကိုကိုအောင် (အလုပ်သမား)၊ ဝင်းထွဋ်ဦးတို့၏ လူငယ်ရေးရာဆောင်းပါး များ၊ ရှင်စောဖြူ၏ အတွေးအခေါ်နှင့် တက်ကျမ်း ဆိုင်ရာဆောင်းပါး၊ မောင်မောင်မြင့်သိန်း (စက်မှု တက္ကသိုလ်)၊ ပါမောက္ခကိုကိုအောင်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ရွှေသင် (MPP) ၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါး၊ မောင်ခင်ညို (မန်းတက္ကသိုလ်)၊ မြင့်မောင် (Phil-Q) ၏ စီးပွားရေးဆိုင်ရာဆောင်းပါး များ၊ မြသိန်း၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာလွင်သန့်၊ ဒေါက်တာ သန်းထွဋ်တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါး များ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ စိုးစိုး (ပန်းတောင်း)၊ ထက်ဝေအောင် (စစ်ကိုင်း)၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေ ကုန်းဈေး၊ နေပြည်တော်စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေ ဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန် မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ် အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန် မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာသတင်း

## အမေရိကန်နှင့် အီရန် နျူကလီးယားဆွေးနွေးရန် သဘောတူ

**တီဟီရန် မေ ၂၂**

(၅) ကြိမ်မြောက် အမေရိကန်နှင့် သွယ်ဝိုက်သော နျူကလီးယားဆွေးနွေးပွဲပြုလုပ်ရန် အစီအစဉ်ကို အီရန်ကသဘောတူခဲ့သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်စမေးဘက်ဂါဟီက မေ ၂၁ ရက်တွင် ပြောသည်။

မေ ၂၃ ရက်တွင် ရောမမြို့၌ အမေရိကန်နှင့် သွယ်ဝိုက်သော နျူကလီးယားဆွေးနွေးပွဲ ပြုလုပ်ရန် အိုမန်နိုင်ငံက အဆိုပြုခဲ့ခြင်း ဖြစ်သည်။

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းနှင့်ပတ်သက်၍ အီရန်နိုင်ငံ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် အီရန်စေ့စပ်ညှိနှိုင်းရေးအဖွဲ့က တစိုက်မတ်မတ် ပြုလုပ်သွားမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အိုမန်နိုင်ငံ၏စီစဉ်ပေးမှုဖြင့် အီရန်နှင့် အမေရိကန်ကိုယ်စားလှယ်များသည် အီရန် နျူကလီးယားအစီအစဉ်နှင့် အမေရိကန်၏ ပိတ်ဆို့ထားမှုများဖယ်ရှားပေးရေး သွယ်ဝိုက်သော ဆွေးနွေးပွဲများ လေးကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

လေးကြိမ်မြောက်ဆွေးနွေးပွဲကို မက်စ်ကပ်မြို့၌ မေ ၁၁ ရက်က ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မကြာသေးမီရက်ပိုင်းအတွင်း အမေရိကန် အာဏာပိုင်များသည် အီရန်ဘက်မှ ယူရေနီယံသန့်စင်မှုကို အပြီးတိုင်ရပ်တန့်ရန် တောင်းဆိုခဲ့ကြသည်။ အဆိုပါတောင်းဆိုမှုကို အီရန်ဘက်က ပယ်ချခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ အစ္စရေးသံရုံးဝန်ထမ်းနှစ်ဦး အသတ်ခံရ

**ဝါရှင်တန် မေ ၂၂**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ အစ္စရေးသံရုံး ဝန်ထမ်းနှစ်ဦး ပစ်သတ်ခံရသည်ဟု ရဲဌာနက ပြောသည်။

အဆိုပါ ပစ်ခတ်မှုအတွက် အသက် ၃၀ အရွယ် သံသယရှိသူတစ်ဦးကို ဖမ်းဆီးထားကြောင်း ရဲများက ပြောသည်။ မေ ၂၁ ရက် ညပိုင်းက ဂျူးပြတိုက်အနီး၌ အခင်းဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။



သံရုံးဝန်ထမ်းနှစ်ဦးမှာ ပြတိုက်မှထွက်လာစဉ် ပစ်ခတ်ခံရခြင်းဖြစ်သည်။ ထို့နောက် ပစ်ခတ်မှုကျူးလွန်သူဟု သံသယရှိသူသည် ပြတိုက်အတွင်းသို့ ဝင်ရောက်ထွက်ပြေးခဲ့ရာ ရဲများက လိုက်လံဖမ်းဆီးခဲ့သည်။

အဆိုပါပစ်ခတ်မှုမှာ ဂျူးလူမျိုးများအပေါ် မုန်းတီးမှုကို အခြေခံ၍ ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အွန်လိုင်းပေါ်တွင် ရေးသားခဲ့သည်။ ထို့နောက် အမုန်းတရားနှင့် အစွန်းရောက်ဝါဒမှာ အမေရိကန်တွင် နေရာမရှိစေရဟု ၎င်းကဆက်လက် ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အီရတ်လေကြောင်း တိုက်ခိုက်မှု အိုင်အက်စ်စစ်သွေးကြွ နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၂၂**

အီရတ်နိုင်ငံအလယ်ပိုင်း ဆာလာ့ဟူဒင်ပြည်နယ်၌ လေကြောင်း တိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွနှစ်ဦး သေဆုံးကြောင်း အီရတ်တပ်မတော်က မေ ၂၂ ရက်တွင် ပြောကြားသည်။

ပြည်နယ်အရှေ့မြောက်ပိုင်းရှိ ဘယ်ခါနာတောင်တန်းဒေသအတွင်း အိုင်အက်စ်တို့ခိုအောင်းရာနေရာတစ်ခုကို မေ ၂၀ ရက်က ပစ်မှတ်ထားကာ အီရတ်တပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဗုံးကြဲသည့်နေရာသို့ ရှာဖွေမှုများပြုလုပ်ရန် တပ်မတော်သားများနှင့် ထောက်လှမ်းရေးတပ်ဖွဲ့များကို စေလွှတ်ခဲ့ရာ မေ ၂၂ ရက် နံနက်ပိုင်းတွင် စစ်သွေးကြွနှစ်ဦး၏ ရုပ်အလောင်းများ၊ လက်နက်များ၊ မိုဘိုင်းဖုန်းများနှင့် အခြားထောက်ပံ့ပို့ဆောင်ရေးပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း၊ ၎င်းဒေသအတွင်း အိုင်အက်စ်စစ်သွေးကြွများကို ရှာဖွေရေးလုပ်ငန်းများနှင့် ထောက်လှမ်းစောင့်ကြည့်ရေး လုပ်ငန်းစဉ်များကို ပြုလုပ်လျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အီရတ်က ၂၀၁၇ ခုနှစ်အတွင်း အိုင်အက်စ်တို့ကို အနိုင်ရသည်ဟု ကြေညာခဲ့သော်လည်း အဆိုပါအုပ်စု၏ လက်ကျန်များက မြို့ပြများ၊ သဲကန္တာရများနှင့် ဝေးလံခေါင်သီသောဒေသများရှိ အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက် ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ မြေပြိုမှုများကြောင့် ၁၉ ဦး ပိတ်မိ

**ပေကျင်း မေ ၂၂**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုပြည်နယ် တဖန်းကောင်တီတွင် မေ ၂၂ရက်က မြေပြိုမှုများကြောင့် ဒေသခံ ၁၉ ဦး ပိတ်မိနေသည်ဟု ဒေသခံအစိုးရက ပြောသည်။ ချန်းရှီးနှင့် ကောင်းဝါမြို့နယ်တို့၌ နံနက် ၂ နာရီ မိနစ် ၅၀ နှင့် နံနက် ၈ နာရီတို့တွင် မြေပြိုမှု နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

ကွေ့ကျိုပြည်နယ်သည် ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်အတွက် အဆင့်(၂)အရေးပေါ်တုံ့ပြန်မှုကို မွန်းလွဲ ၂ နာရီခွဲတွင် စတင်ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံ၏ သဘာဝအရင်းအမြစ်ဝန်ကြီးဌာနမှ ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်များအတွက် အဆင့် (၂) အဆင့်အဖြစ် နံနက် ၁၁ နာရီတွင် သတ်မှတ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို အဆိုပါဒေသသို့စေလွှတ်ခဲ့သည်။ **ဆင်ဟွာ**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပဲခူးတိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ကြောင့် ထိခိုက်ခဲ့သည့် ရေသိုးရေလှောင်တမံနှင့် ငမြွေရေလှောင်တမံ ပြုပြင်မွမ်းမံမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် မေ ၂၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် အုတ်တွင်းမြို့နယ်ရှိ ရေသိုးရေလှောင်တမံနှင့် ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံ ထိခိုက်ပျက်စီးခဲ့မှုအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ယာယီပြုပြင် ဆောင်ရွက်ထားရှိမှုနှင့် အခိုင်အမာ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန်လျာထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယခုမိုးမကျမီကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် လျာထားမှုများအား လျာထားချက်အတိုင်းပြီးစီးအောင် ဆောင်ရွက်ရေး၊ မိုးရာသီအကုန်ပွင့်လင်းရာသီတွင် အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းများကို နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲအတည်ပြုထားပြီးဖြစ်သော ဒီဇိုင်းပုံစံများအတိုင်း ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံထားရန်၊ ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှု အစီအရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေသိုး ရေလှောင်တမံသည် ဆည်ရေသောက်ဧရိယာ ဧက ၁၃၅၀ ခန့်ကို နှစ်စဉ်စိုက်ပျိုးရေ ပေးဝေနေသည့် တမံဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့အနီး တည်ရှိသော ရေလှောင်တမံဖြစ်သည့်အတွက် နည်းပညာပိုင်းဆိုင်ရာ အားနည်းချက် မရှိစေရေး အလေးထားပြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့သည့်ဖြူးမြို့နယ်ရှိငမြွေရေလှောင်တမံ ထိခိုက်ခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်မတမံနှင့် ကုန်းကြောတမံများတွင် မျက်မြင်စစ်ဆေး တွေ့ရှိချက်များ၊ အင်ဂျင်နီယာ နည်းပညာရပ်ပိုင်းဆိုင်ရာ အသေးစိတ်စူးစမ်းမှုရလဒ်များအပေါ်အခြေခံ၍ ဒီဇိုင်းပုံစံများကိုရေးဆွဲပြီး ပြုပြင်ဆောင်ရွက်ကြရန်၊ ပင်မတမံနှင့် ကုန်းကြောတမံကြား ဆက်သွယ်မြောင်းတူးဖော်ရာတွင် စနစ်တကျကြပ်မတ် ဆောင်ရွက်ကြရန်၊ ရေထုတ်ပြွန် ထိခိုက်ခဲ့မှုအပေါ်မူတည်၍ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်၊ ရေလွှဲလမ်းကြောင်းအား မိုးမကျမီ အချိန်မီပြီးစီးအောင် စီမံဆောင်ရွက်ကြရန်၊ မူလရေပေးဝေရေး အစီအမံများအတိုင်း ဆက်လက် ရေပေးဝေနိုင်ရေးအတွက် လုပ်ဆောင်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ခရမ်းမြို့၌ အထူးဓမ္မသဘင်ကျင်းပ

**ခရမ်း မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ မြို့နယ်သံဃနာယကဆရာတော်များ၊ အထူးဓမ္မပူဇာသဘင်နှင့် ရည်စူးကုသိုလ်ပြုပွဲ ဦးစီးကော်မတီဝင်များ၊ ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ငလျင်ဘေးသင့်၍ အသက် ဆုံးရှုံးခဲ့ရသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်အပေါင်းတို့အား ရည်စူးကုသိုလ်ပြု အထူးဓမ္မသဘင်ပွဲမှ ရရှိသော အလှူငွေများ လှူဒါန်းခြင်းနှင့် ရည်စူးကုသိုလ်ပြုပွဲ အခမ်းအနားကို ယမန်နေ့နံနက်က သကျမာရဇိန်သွန်းဘုရားကြီးတွင် ကျင်းပသည်။

အထူးဓမ္မသဘင်ပွဲတွင် မြနန်းဆရာတော် ဘဒ္ဒန္တသန္တိမနှင့် ခရမ်းဆရာတော် ဘဒ္ဒန္တကုလဿဘာသ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များကို နှစ်ရက်တာဟောကြားချီးမြှင့်ပြီး အထူးဓမ္မပူဇာသဘင်မှရရှိသော ဓမ္မပူဇာအလှူငွေကျပ် စုစုပေါင်း ၃၁၁၆၃၀၀၀ ကို ရေစက်သွန်းချ လှူဒါန်း၍ အမျှပေးဝေကြသည်။

အထူးဓမ္မပူဇာသဘင်မှရရှိခဲ့သော နဝကမ္မအလှူတော်ငွေများအား မြို့နယ်သံဃနာယကအဖွဲ့နှင့် တရားပွဲဖြစ်မြောက်ရေး ဦးစီးနာယကဆရာတော်များမှ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် သီတဂူဆရာတော်ထံ ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပင်းတယမြို့နယ်၌ ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပင်းတယ မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်(ဖြည့်စွက်)ရန်ပုံငွေကျပ် ၃၈ ဒသမ ၀၄၈သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ပွေးလှကျေးရွာလမ်းပေါ်ရှိ ၁၈ ပေ ကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားအား ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တာဝန်ရှိသူများက ကွန်ကရစ်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တံတားဖွင့်ပွဲအခမ်းအနားကို အဆိုပါတံတားအနီး၌ ကျင်းပပြုလုပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပင်းတယမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံက ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရိုရိုကုမ္ပဏီမှတာဝန်ခံက ကျေးရွာလမ်းကော်မတီ၏ ကိုယ်စားလှယ်ထံသို့ လုပ်ငန်းလွှဲပြောင်းပေးအပ်ခဲ့ပြီး ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**ရဲထက်ဦး(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်အတွင်း ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် ဆွေးနွေး

**ပြင်ဦးလွင် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဆီထွက်ဇုန် (တာဝန်ခံ) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းမောင်တို့က မြို့နယ်ဦးစီးမှူး၊ မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများအား နေကြာနှင့် မြေပဲအထွက်နှုန်း ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကို ဟောပြောဆွေးနွေးပေးသည်။

ပြင်ဦးလွင်မြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးဧက စုစုပေါင်းမှာ ၈၁၃၃ ဧကရှိပြီး ပန်းနှမ်းသီးနှံမှာ စိုက်ပျိုးဧက အများဆုံးဖြစ်၍ ဒုတိယအများဆုံး စိုက်ပျိုးသီးနှံမှာ နေကြာနှင့် မြေပဲဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လယ်ဝေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ပဉ္စမအကြိမ် ထုတ်ချေး

**နေပြည်တော် မေ ၂၂**

နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပဉ္စမအကြိမ် ထုတ်ချေးပေးခြင်းကို ယမန်နေ့နံနက်တွင် တာဝန်ရှိသူများက ချားယားကုန်းကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးသည်။



အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သူရက ကျေးရွာရှိရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများအား လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံများက စီမံကိန်းအကြောင်း၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စည်းကမ်းများကို ရှင်းလင်းပြောကြားကာ လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချားယားကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၀၀ အား ပဉ္စမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၄၄၀ ကို ထုတ်ချေးပေးသည်။

**မောင်ခိုင်**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့။

# ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း



**နေပြည်တော် မေ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၃၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားသို့ ရောက်ရှိကြပြီး ကရင်ပြည်နယ် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

၎င်းပူးပေါင်းအဖွဲ့သည် မြဝတီမြို့သို့ တရားမဝင်ဝင်ရောက်ခဲ့ကြသည့် တရုတ်နိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားမှုအခြေအနေကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် မြဝတီမြို့၊ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားအစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး လွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဆွေးနွေးခဲ့သည့် သုံးနိုင်ငံသဘောတူညီချက်ကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်ရေး၊ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud)များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၁၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် မေ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၁၅၁ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံ မှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖယ်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr.Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ဆီရာလီယွန်၊ တောင်ကိုးရီးယား၊ ကမ္ဘောဒီးယား၊ အယ်လ်ဂျီးရီးယား၊ လိုက်ဘေးရီးယား၊ အီသီယိုးပီးယား၊ ဇင်ဘာဘွေ၊ တောင်အာဖရိက၊ ရုရှား၊ တရုတ်(တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသမီးစုံတွဲများကို ညစ်ညမ်းဗီဒီယိုရိုက်ကူးပြီး Live လွှင့်ကာ ရရှိသည့်အကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၂**

အမျိုးသမီးစုံတွဲများကို ညစ်ညမ်းဗီဒီယိုရိုက်ကူးပြီး Live လွှင့်ကာ ရရှိသည့်အကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၃၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အပြင်ပဒံကျေးရွာ ရွှေကမ်းသာယာအိမ်ရာ Block 84၊ တိုက်အမှတ်(၅)တွင် တရုတ်နိုင်ငံသားများဖြစ်ကြသည့် Mr. Wang Shaohua (၃၉ နှစ်)၊ (ဘ) ဦးဝမ်းရှင်းဖား ယူနန်ပြည်နယ် တရုတ်နိုင်ငံ၊ Mr. Yung Kun (၃၇ နှစ်)၊ (ဘ)ဦးရန်ပေါင်စွင့် တာ့လျန်ပြည်နယ် တရုတ်နိုင်ငံ၊ Mr. Zeng Yuan (၂၉ နှစ်)၊ (ဘ)ဦးကျင်းယုံကောင်း စီချွမ်ပြည်နယ် တရုတ်နိုင်ငံနှင့် အဲလစ်စစ်(ခ)နော်မူးရှီးဖော(ခ)ကျဲကျဲ(မ) (၃၂ နှစ်)၊ (ဘ) ဦးစောလားချရီး ငပုတောမြို့နယ် ရောဝတီတိုင်းဒေသကြီးနေသူတို့က မြန်မာအမျိုးသမီး စုံတွဲ လေးတွဲတို့ကို Sex Video ရိုက်ကူး၍ Live လွှင့်ကာ ရရှိသည့်အကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့မရဲစခန်း(ပ)၈၇၆/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)(ခ)ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

အင်းစိန်ခရိုင်တရားရုံးမှ စစ်ဆေးခဲ့ပြီး ၂၀၂၅ ခုနှစ် မေ ၂၀ ရက်တွင် တရားခံ Mr. Wang Shaohua ၊ Mr. Yung Kun ၊ Mr. Zeng Yuan နှင့် အဲလစ်စစ်(ခ) နော်မူးရှီးဖော(ခ)ကျဲကျဲ(မ) တို့ လေးဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ စီနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ၃၈(ခ) အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ သူသူရှိန်(မ)ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်း များ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Gunstar” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်နေ ထင်လင်းကျော်(ခ) ဟာဒွန်အား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကြံခင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 9(T)/DPTSC(PSD)/2025–2026 | 230kV Galvanized Steel Tower–10Sets (186 Tons) ဝယ်ယူရန်။ |
| ခ | 10(T)/DPTSC(PSD)/2025–2026 | Clamp and Fitting များ ဝယ်ယူရန်။ |
| ဂ | 11(T)/DPTSC(PSD)/2025–2026 | Galvanized Angle Iron များ ဝယ်ယူရန်။ |
| ဃ | 12(T)/DPTSC(PSD)/2025–2026 | Proper Clamp and Fitting (for Substation) ဝယ်ယူရန်။ |
| င | 13(T)/DPTSC(PSD)/2025–2026 | 245kV Gantry ဝယ်ယူရန်။ |
| စ | 14(T)/DPTSC(PSD)/2025–2026 | 72.5kV Bushing ဝယ်ယူရန်။ |
| ဆ | 15(T)/DPTSC(PSD)/2025–2026 | 230kV Bushing (for Single Phase Power Transformer),<br>36 kV Bushing (for Single Phase Power Transformer) များ ဝယ်ယူရန်။ |
| ဇ | 16(T)/DPTSC(PSD)/2025–2026 | 230kV Bushing (for Shunt Reactor) ဝယ်ယူရန်။ |
| ဈ | 17(T)/DPTSC(ADM)/2025–2026 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ပရီမီယမ်ဒီဇယ်ဆီ (၆,၀၀၀) ဂါလံနှင့် ဓာတ်ဆီ (အောက်တိန်း-92) (၁၀,၀၀၀)ဂါလံဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၄-၆-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံး ထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရမည် ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကုလားဝဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားခဲ့သည့် မမေစံပယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးအောင် ၁၄/ပတန(နိုင်)၁၃၀၀၉၉ ဖြစ်ပါကြောင်း။ **ဦးဇော်မိုးအောင်**

## မွေးသက္ကရာဇ်အမှန်

ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာအုပ်စု၊ မဲတောရွာနေ ဦးလှဝင်းနှင့် ဒေါ်သန်းကြင် တို့၏သမီး ဒေါ်သန်းသန်းမော် ၆/ကစန(နိုင်)၀၁၄၃၁၇ ၏မွေးသက္ကရာဇ်အမှန်မှာ အမှုထမ်းသက်မှတ်တမ်းပါ စာအုပ်အရ ၁၃-၁၂-၁၉၆၄ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၈)၊ Grade-12 မှ မောင်ဘုန်းဝေယံ၏မိခင် ဒေါ်ငွေးငွေးလှိုင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်စီစီဝင်း ၆/ ပလန (နိုင်)၀၇၀၄၁၁ ဖြစ်ပါကြောင်း။

**ဒေါ်စီစီဝင်း**

## မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ သဲချောင်းကျေးရွာအုပ်စု၊ သက်နှင်းတောရွာနေ အ.လ.က (သက်နှင်းတော) Grade-7 မှ မစုစုပိုင်၏ မိခင် ဒေါ်ကျန်းမာ၏ အမည်မှန်မှာ ဒေါ်ခင်ဝေ ၆/ရဖန(နိုင်)၀၆၇၃၁၅ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဝေ**

## ဖခင်အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဘိုကလေးမြို့၊ ဟင်းအိုးကြီး(လ-ခွဲ) ကျောင်း၌ G-4 တက်ရောက်မည့် မစောနန်းမွန်၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၁၄/ဘကလ(နိုင်)၀၂၇၅၇၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ အလက(ခွဲ)ကျောင်း Grade-3 တန်းနေ မောင်သူရလင်းဆက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင်ဝင်း (၅/ကဘလ(နိုင်)၁၀၇၉၉၈)ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်ဝင်း**
**၅/ကဘလ(နိုင်)၁၀၇၉၉၈**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI /3772, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းစိုး ၁၂/သခန(နိုင်)၁၁၁၉၁၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၄၂၉၄၀, Honda Wave 100, m/c ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုး ၆/သရခ(နိုင်)၀၇၇၀၀၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## မိဘအမည်မှန်နှင့် အမည်မှန်

ဦးသိန်းထိုက်စိုး၏သား သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ မူလွန် (အလယ်ကုန်း) Grade-2 အောင်မြင်ပြီးသူ မောင်ကောင်းပြည့်လျှံ၏ အမည်မှန်မှာ မောင်ကောင်းခန့်လင်း ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးအောင်ခိုင် ၁၀/သဖရ(နိုင်)၀၈၆၉၀၁နှင့်မိခင် ဒေါ်သင်းသင်းစိုး၏ အမည်မှန်မှာ ဒေါ်ဝါနု ၁၀/သဖရ(နိုင်)၁၄၀၅၁၁ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၇၆၊ ဦးပိုင်အမှတ် ၇၀+၇၁+၇၂+၇၃+၈၂+၈၃+၈၄+၈၅၊ ၄၆x၄၇ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော် WMDY-၃၃၇၇၀၄၊ ၉/မနတ(နိုင်)၀၅၈၆၉၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၇၅/၂၀၂၀) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဇာနည်အောင် ၉/မနမ(နိုင်)၁၁၉၁၈၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၅)၊ ခိုင်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၇၅၁) ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ဦးလှမောင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် ခြေရင်းဘက်ခြမ်း (၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်လင်း (၁၂/ဒဂမ(နိုင်)၀၀၄၁၃၁) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးဂေးလ်ဘတ်ဒေးဗစ် (၁၂/ကမတ(နိုင်)၀၁၇၁၄၈) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဂေးလ်ဘတ်ဒေးဗစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)**
**အမှတ်(၄)၊ မြေညီ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄

ဒေါ်တီမြာ နှင့် ဒေါ်ညိုမြင့်
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ တက္ကသိုလ်ဝင်း၊ တောင်ကြီးဆောင်၊ ရူပဗေဒဌာနနေ ဒေါ်ညိုမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်တီမြာက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး )**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျောင်းရစ်ဆယ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၃၆၆-က)၊ ကျောင်းရစ်ဆယ်အနောက်၊ဦးပိုင်အမှတ်၊(၆၁/၁၉)၊ ဧရိယာ(၀.၀၇)ဧကရှိ လျှောက်ထားမြေ၏ အရှေ့ဘက်ဦးပိုင်(၆၁/၂/၁၅)၊အနောက်ဘက် ဦးပိုင် (၆၁/၁၈)၊ တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း မြောက်ဘက်တွင် ဦးပိုင်(၆၁/၁၇)၊ အလားလေးရပ်အတွင်းရှိ ခြံမြေအား ဦးကျော်လွင်ဦး၊ ၇/တငန(နိုင်)၀၀၇၉၀၀ +ဒေါ်ဝင်းမြင့်၊၇/တငန(နိုင်)၀၄၆၉၉၄ မှမြေငှားဂရန်အသစ်ခွင့်ပြုရရှိရေး မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး လျှောက်ထားလာသဖြင့် သတင်းစာတွင်ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်နေ့အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးကျော်လွင်ဦး+ဒေါ်ဝင်းမြင့်တို့အား မြေငှားဂရန်အသစ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အုတ်တွင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျောင်းရစ်ဆယ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၃၆၆.က)၊ ကျောင်းရစ်ဆယ်အနောက်၊ဦးပိုင်အမှတ်၊(၆၁/၁၉)၊ ဧရိယာ (၀.၀၉)ဧကရှိ လျှောက်ထားမြေ၏ အရှေ့ဘက် ဦးပိုင်(၄၉/၆)၊ အနောက်ဘက် ဦးပိုင်(၄၉/၈)၊ တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း မြောက်ဘက်တွင် ဦးပိုင်(၄၉/၅)၊အလားလေးရပ်အတွင်းရှိခြံမြေအား ဦးဝင်းနိုင်၊ ၇/တငန(နိုင်)၀၀၉၆၈၈+ဒေါ်ခင်မိုးမိုး၊ ၇/တငန(နိုင်)၁၀၅၁၈၃မှ မြေငှားဂရန် အသစ်ခွင့်ပြုရရှိရေး မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး လျှောက်ထားလာသဖြင့် သတင်းစာတွင် ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်ပြည့်သည့်နေ့အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးဝင်းနိုင်+ဒေါ်ခင်မိုးမိုး တို့အား မြေငှားဂရန်အသစ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အုတ်တွင်းမြို့**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀။)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၈

၁။ ဒေါ်ခင်ကြွယ် နှင့် ဒေါက်တာအုန်းမြင့်
၂။ ဒေါ်အေးသဇင်လှိုင်
တရားလိုများ။ တရားပြိုင်။

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၅)၊ သမိန်ဗရမ်းလမ်း၊ အမှတ်- ၆၁၃ နေ ဒေါက်တာအုန်းမြင့် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်ကြွယ်ပါ-၂ ဦး က "မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ(၉)ရက်၊ (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုတို့ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေ လ (၂၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀။)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှု အမှတ်- ၃၉

၁။ ဒေါ်မူမူ နှင့် ဦးခင်မောင်လေး
၂။ ဒေါ်ချမ်းငြိမ်းသွင်
တရားလိုများ။ တရားပြိုင်။

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်း-၁၆၊ အမှတ်-၂၈၆ နေ ဦးခင်မောင်လေး (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မူမူပါ-၂ ဦးက "အိမ်နှင့်မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ် ဇွန်လ(၉)ရက်၊ (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုတို့ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ(၂၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ရပ်ကွက်၊အကွက်အမှတ်၊ အမည်(က/ပြည်သာယာမြောက်) မြေကွက်အမှတ်(၁၁၄)အား မြို့နယ်စု မြို့တိုးရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ မိတ္ထီလာမြို့နယ်စုမှ ဦးသိန်းဝင်း အမည်ဖြင့် ရရှိခဲ့သော မြေပေးမိန့် မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် မိတ္တူမှန် ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ နှင့်အတူ ယခုကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း မိတ္ထီလာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(ခွဲ) သရက်ကုန်း Grade-11 တွင် ပညာသင်ကြားနေသော မောင်ဇင်ကိုနိုင်နှင့် Grade-10 မှ မသီရိဇင်တို့၏ဖခင်အမည်မှန်မှာ ဦးဝင်းတင် ၁၄/အမန (နိုင်)၁၁၅၈၀၁ ဖြစ်ပါကြောင်း။

**ဦးဝင်းတင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၃-၂၀၂၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၃) ကညနခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် ၆ဧယ/၅၇၈၂၆ အစား ၆ဧယ/၅၇၈၆၂ ဟုပြင်ဆင် ဖတ်ရှုပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၃)ရပ်ကွက်၊ ပန်းချီတံခါးလမ်းနေ ကျွန်မ ဒေါ်လှ၏သား မောင်ဘိုဘိုကျော်သည် ကျွန်မ၏ ဆိုဆုံးမမှုကို မနာခံဘဲ ကိုယ်/စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်သဖြင့် ယနေ့အချိန်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှ**
**၁၂/တမန(နိုင်)၀၆၆၇၀၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/35121, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာဦး ၅/ခဥတ(နိုင်)၀၆၁၂၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၂၀)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- (၁၈/ကာကာဈေး)၊ ဦးပိုင်အမှတ်(၁၃/ဆ)၊ ဧရိယာ(၀.၁၁၈)ဧကရှိ မြေနေရာအား စောဆန်းဒေါင်းမှ သက်တမ်းတွင်း/အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာ၍ ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စောဆန်းဒေါင်းအား သက်တမ်းတွင်း/အမည် ပြောင်းမြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## သာပေါင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိ အောက်ပါပုဂ္ဂိုလ်များမှ အမည်ပြောင်း (သက်တမ်းတိုး) မြေငှားဂရန် လျှောက်ထားမှုအပေါ် သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် သာပေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင် ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | မြို့နယ်အမည် | လျှောက်ထားသူအမည် | မြေအကြောင်းအရာ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မြေကွက်အမှတ်/ | ဦးပိုင် | ဧရိယာ (ဧက) | |
| ၁ | သာပေါင်း | ဦးကျော်သူရ | ၉၊ သာပေါင်းမြို့မ | ၂၂က | ၀.၀၀၆ | အမည်ပြောင်း (သက်တမ်းတိုး) |
| ၂ | သာပေါင်း | ဦးနေစိုး | ၉၊ သာပေါင်းမြို့မ | ၆၆ | ၀.၀၁၆ | သက်တမ်းတိုး |
| ၃ | သာပေါင်း | ဦးသိန်းဝင်း | ၉၊ သာပေါင်းမြို့မ | ၉၂ | ၀.၀၂၈ | သက်တမ်းတိုး |
| ၄ | သာပေါင်း | ဦးဇင်အောင် | ၉၊ သာပေါင်းမြို့မ | ၈၇ | ၀.၀၂၃ | သက်တမ်းတိုး |
| ၅ | သာပေါင်း | ဒေါ်မြင့်မြင့် | ၉၊ သာပေါင်းမြို့မ | ၃၈ | ၀.၀၁၂ | သက်တမ်းတိုး |
| ၆ | သာပေါင်း ဦးတင့်ဆွေ | ဦးကျင်ဝှက်(ခ) | ၉၊ သာပေါင်းမြို့မ | ၁၈ | ၀.၀၁၄ | သက်တမ်းတိုး |
| ၇ | သာပေါင်း | ဒေါ်ခင်ဆွေဝင်း | ၉၊ သာပေါင်းမြို့မ | ၃၇ | ၀.၀၁၂ | သက်တမ်းတိုး |
| ၈ | သာပေါင်း | ဒေါ်မြင့်မြင့်သန်း | ၉၊ သာပေါင်းမြို့မ | ၅၁ | ၀.၀၁၅ | အမည်ပြောင်း (သက်တမ်းတိုး) |
| ၉ | သာပေါင်း | ဦးဇော်ဝင်း | ၉၊ သာပေါင်းမြို့မ | ၅၀ | ၀.၀၁၁ | သက်တမ်းတိုး |
| ၁၀ | သာပေါင်း | ဒေါ်နီနီလွင် | ၉၊ သာပေါင်းမြို့မ | ၂၂ခ | ၀.၀၀၆ | သက်တမ်းတိုး |

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
## ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
## တင်ဒါကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရှမ်းပြည်နယ်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် Class A လမ်း၊ တံတား လုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၂၆-၅-၂၀၂၅ရက်(တနင်္လာနေ့) |
| (ခ) | **တင်ဒါပုံစံရောင်းချမှု ပိတ်သိမ်းရက်** | - ၉-၆-၂၀၂၅ရက်(တနင်္လာနေ့) (၁၆:၃၀)နာရီ |
| (ဂ) | **တင်ဒါပုံစံနောက်ဆုံး တင်သွင်းရမည့်ရက်** | - ၁၀-၆-၂၀၂၅ရက်(အင်္ဂါနေ့) (၁၆:၃၀)နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်** | - ၁၂-၆-၂၀၂၅ရက် (ကြာသပတေးနေ့)(၉:၀၀)နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ |
| ၂။ | **တင်ဒါလျှောက်လွှာ ဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်၊တောင်ကြီးမြို့ |

၃။ အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၅၇၈၇၀၇၄၊ ၀၉-၄၅၂၃၄၁၉၃၄ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ) တည်ဆောက်ရေးလုပ်ငန်းအတွက်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ) တွင် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေ မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများ အနေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

(က) ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)၊ ပင်မရုံးအဆောက်အအုံ (၇၀'x၃၁' x ၁၃') အကြီးစား ပြင်ဆင်ခြင်း (အမိုး ၊ မျက်နှာကြက် ၊ နံရံပြတင်းတံခါး ပြုပြင်ခြင်း၊ အခန်းချဲ့ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ လုံခြုံရေး သံပန်း တံခါးတပ်ဆင်ခြင်း၊ ရေလိုင်းမီးလိုင်းများပြုပြင်ခြင်း၊ မိလ္လာ လိုင်းများပြုပြင်ခြင်း၊

| | | |
|---|---|---|
| (ခ) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - (၂၃-၅-၂၀၂၅)ရက်မှ (၅-၆-၂၀၂၅)ရက် (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ) |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ** | - ဆက်သွယ်အကြောင်းကြားပါမည်။ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ် သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)**
**ဖုန်း(၀၈၄-၂၀၂၁၀၅၂၊ ၀၈၄-၂၀၂၄၀၅၉၊ ၀၉-၄၃၀၇၈၉၂၀)**




## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်ဟိဏ်း သန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်အောင် ၅/ခဥတ(နိုင်) ၀၀၁၂၁၈ ဖြစ်ပါကြောင်း။

**ဦးမောင်အောင်**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အလက (မိုးကြိုးကွက်သစ်)၊ Grade-4 တွင် ဖြေဆိုအောင်မြင်ခဲ့သော (ဘ)ဦးဂေးလ်ဘတ်၏ သမီး ဖြစ်သူ မအေးသန္တာနိုင်၏ အမည်မှန်မှာ မအိမ့်ကျော့ကျော့ခိုင် ဖြစ်ပါကြောင်း။

**မအိမ့်ကျော့ကျော့ခိုင်**

## ပတ်စ်ပို့ပျောက်

ဘားအံမြို့နယ်၊ နောင်းထူးဒီး ရွာနေ(ဘ)ဦးမန်းသင်းအောင်၏သား စောပြည့်ဖြိုးပိုင် ၃/ဘအန(နိုင်) ၅၀၄၈၄၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်- MH981148 မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၅၇၄၆၇၃**

## ပတ်စ်ပို့ပျောက်

ဘားအံမြို့နယ်၊ မကျီးကျွန်းရွာနေ (ဘ) ဦးစိုးလွင်၏သမီး မနှင်းဝတ် ရည် ၃/ဘအန(နိုင်)၃၄၃၂၉၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်- MH-589389 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၁၂၂၅၁၂**

## ထုတ်လုပ်သူအမည်ပြောင်းလဲကြောင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Corteva Crop India Private Limited မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါဆေးအား မူလထုတ်လုပ်သူ corteva Crop India Private Limited မှ UPL Limited, India သို့ ထုတ်လုပ်သူ အမည်ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| 1. | Dithane NT M-45 80 WP | Mancozeb 80%WP | FFF 2022-088 |

သို့ဖြစ်ပါ၍ အဆိုပါထုတ်လုပ်သူ အမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်း ရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍နှစ်ပတ်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Myanmar Arysta LifeScience Co.,Ltd.**
**Suite - 09-02,Crystal Tower, Kyun Taw Road, Kamayut Township, Yangon**
**01-933 93 59, 933 93 60**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖို မြို့နယ်၊ အ.ထ.က အိုးသည် ကုန်း Grade - 12 မှ မဇင်မာ ထိုက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဌေး ၇/မလန(နိုင်) ၀၀၁၃၂၅ ဖြစ်ပါကြောင်း။

**ဦးမြင့်ဌေး**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၃)၊ မြို့ကုန်းရပ်ကွက်နေ ဦးဇော်ဇော်လွင် ၁/မကတ (နိုင်) ၁၁၀၂၃၅)၏သမီး မထွန်းနန္ဒာ လွင်အား (၂၃-၅-၂၀၂၅)ရက်မှစ၍ မထွန်းနန္ဒာဖြိုးဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်

ဦးတင်ကိုကို၏သမီး မထက် လင်းလှိုင် ၆/ထဝန(နိုင်) ၁၅၀၆၆၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၉၀၈၀၇၀၇**

## အမည်မှန်

တပ်ကုန်းမြို့၊ သစ်ဆိမ့်ပင် အုပ်စုချင်းစုကျေးရွာနေ ဦးကြည် ၏ သမီး မငွေး ၉/တကန(နိုင်) ၀၆၆၆၁၇၏ အမည်မှန်မှာ မလှငွေး ဖြစ်ပါကြောင်း။

**မလှငွေး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)ရပ်ကွက်၊ မြေကွက်အမှတ်(၆၈၀/က)၊ ဧရိယာ(အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ် (၆၈၀/က)၊ သစ္စာလမ်းမကြီး၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အရပ်ရပ်တို့ကို အမည် ပေါက် ဒေါ်စန်းစန်းဦး ၁၂/ဒဂန(နိုင်) ၀၂၂၈၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ သည် ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B.A(Law)LL.B (Advocate),D.B.L,D.M.L,D.I.L,D.A.Psy.**
**WIPO,DL(101),(201),(317)Switzerland(Geneva)**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကံဘဲ့(၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်ရပ်၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ (၀.၁၀၃)ဧကအား ဦးအုန်းလှ (ဘ)ဦးမောင်ဦး ၉/တကန(နိုင်)၀၁၄၃၉၅မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၆၂၁/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

သထုံမြို့နယ်၊ အောင်မြေ ရွှေဘုံ(၃)လမ်း၊ အောက်ကျင်း ရပ်ကွက်နေ ဦးညီညီထွန်း ၁၀/ သထန(နိုင်)၁၇၀၂၄၄ ၏သား မောင်မင်းသုခအား ယနေ့မှစ၍ မောင်အောင်ကောင်းခန့်ဟု ပြောင်း လဲခေါ်ဆိုပါရန်။

**မောင်အောင်ကောင်းခန့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်း မြို့နယ်၊ စမ်းချောင်း (တောင်) ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၂၃/၅) နေ မောင်ကိုကို၏ မိခင် ဒေါ်ဇာခြည် (ခ) ဒေါ်ခင်မာလာဝင်း ၁၂/ကမတ (နိုင်)၀၇၄၅၅၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းကျေးရွာအုပ်စု၊ ဖောမိကုန်းကျေးရွာနေ ကျွန်တော်၏မိတ်ဆွေ ဒေါ်ကျင် (၇၅)နှစ် (ဘ)ဦးကျော်အုန်း ၉/လဝန(နိုင်)၂၇၀၉၄၀ မှ လွှဲအပ်ညွှန်ကြားချက်အရ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သစ်ကြိမ်း အုပ်စု၊ ဖောမိကုန်းကျေးရွာအတွင်းရှိ အရှေ့လားသော်-ဦးကျော်ဟိန်း၊ အနောက်လားသော်-အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ တောင်လားသော်-ဦးကျော်ဟိန်း၏ယာကွက်၊ မြောက်လားသော်-တောင်ဖီလာလမ်း၊ ယင်းအလားလေးရပ်အတွင်း အလျား (၃၅၀)တောင်၊ အနံ(၅၀) တောင်ရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃x၃) ပင် ရှေ့အဖီချ အုတ်ခင်း အုတ်ကာသွပ်မိုး တစ်ထပ်နေအိမ်တစ်လုံးတို့အား အမြဲတစေ အတူနေ၍ လုပ်ကျွေးပြုစုနေသော မြေးဖြစ်သူ ဦးရာဇာဝိုင်းချစ် (၃၀) နှစ် (ဘ) ဦးမြင့်စိုး ၉/လဝန(နိုင်)၁၄၀၆၄၉ ကိုင်ဆောင်သူ ဖောမိကုန်းကျေးရွာ၊ သစ်ကြိမ်းအုပ်စု၊ လယ်ဝေးမြို့နယ် နေထိုင်သူအား မေတ္တာဖြင့်အပြီးအပိုင် တရားဝင်စာချုပ်စာတမ်းဖြင့်ပေးအပ်မည်ဖြစ် ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံယခုကြော်ငြာ သတင်းစာ တွင်ပါသည့်ရက်မှ (၁၄) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေ ဦးထွန်းထွန်းဦး(LLB)၊ စဉ် -၁၀၂၆၇၊**
**အမှတ် (၄)ရပ်ကွက်၊ လယ်ဝေးမြို့၊ ဖုန်း ၀၉-၄၂၀၇၁၇၃၃၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ် ရပ်ကွက်၊ အကွက်အမှတ် ၄၁၃-က၊ အပိုင်း-၅၊ ဦးပိုင်အမှတ် ၄၊ ၃၆လမ်း၊ ၇၀x၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျန်ကျိန်မေ ၁၃/လရန(နိုင်)၁၀၂၈၃၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ နဂါးလိမ် တန်းလမ်း၊ ကွင်းအကွက်အမှတ်နှင့် အမည် (၉B- ဆံတော်မြောက်)၊ ဦးပိုင်အမှတ် (၁၅၂ခ)၊ မြေချိန်ဧရိယာ (၀.၀၅၂)ဧက၊ ပိုင်ဆိုင်ခွင့် (B)၊ (မြို့မြေ)သည် မူလပိုင်ရှင် ဖြစ်သော ဦးကျော်လှဦး(ကွယ်လွန်) အမည်ပေါက်ထွက်ရှိပိုင်ဆိုင်ပါသည်။ ဦးကျော်လှဦးမှာ (၁၁-၄-၁၉၇၈)ခုနှစ်တွင် ကွယ်လွန်၍ (သား) ဦးမောင်အေးမှာ လည်း (၁၄-၉-၁၉၈၈)တွင် ကွယ်လွန်ခဲ့၍ အမွေဆက်ခံပိုင်ဆိုင်ခဲ့သော မြေဖြစ်ပါ သည်။ ဦးမောင်အေးမှာ သားသမီးမရှိသဖြင့် ဦးအေးသိုက်အား ကိတ္တိမမွေးစားသား အဖြစ် တရားဝင်မွေးစားခဲ့ပါသည်။ ဦးမောင်အေးရှိစဉ်ကပင် ဦးအေးသိုက်မှာ ဒေါ်ကြည်ကြည်ဝင်းနှင့် တရားဝင်ထိမ်းမြားပြီး တစ်အိုးတစ်အိမ်တည်း အတူနေ မိသားစုများ ဖြစ်ခဲ့ကြပါသည်။ ဦးအေးသိုက်နှင့် ဒေါ်ကြည်ကြည်ဝင်းတို့မှာ အထက်ပါအိမ်မြေကို အမွေဆက်ခံလာသူများ ဖြစ်ခဲ့ကြပါသည်။ ဦးအေးသိုက် မှာလည်း (၃၁-၁၀-၂၀၂၁)ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသဖြင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းမှာ အမွေဆက်ခံသူအဖြစ် တစ်ဦးတည်းကျန်ရှိခဲ့ပါသည်။

သို့ပါ၍ ဒေါ်ကြည်ကြည်ဝင်းမှာ အထက်ဖော်ပြပါ အိမ်မြေကို ပြည်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၄-၁၂-၂၀၂၄)ရက်တွင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်ကို မူလအမည်ထွက်ရှိသော ဦးကျော် လှဦးအမည်မှ ဒေါ်ကြည်ကြည်ဝင်းအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း၊ အထောက် အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြေစာရင်းဦးစီးဌာန ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/8841,Follow Me-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပြည့်စုံ ၅/မရန(နိုင်) ၂၄၅၂၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/17034 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၇/ကဝန(နိုင်) ၀၄၄၁၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/16477 ယာဉ် လက်ဝယ်ရှိသူ ဒေါ်သဲစုမွန် ၇/ပခန (နိုင်)၃၀၆၅၅၉က (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၇၆၊ ဦးပိုင်အမှတ် ၈၁၊ ၄၆x၄၇ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြုံး NZN-၀၅၆၅၅၀၊ ၅/ငဇန(နိုင်) ၀၅၅၁၉၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၄၁/၂၀၂၀)ဖြင့် လွှဲအပ် ခြင်းခံရသူ ဒေါ်ဇာနည်အောင် ၉/မနမ(နိုင်)၁၁၉၁၈၇က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## အမည်မှန်

ပူတာအိုမြို့၊ အထက (ပူတာအို) Grade-12မှ မမေယွန်းဇီ ၁/မခဘ (နိုင်) ၀၁၄၁၄၅၏ အမည်မှန်မှာ မဆရဲမေယွန်းဇီ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပူတာအိုမြို့၊ နမ်ဘောဲ ကျေးရွာနေ ဦးမနားနော်ဒီး ၁/ပတအ(နိုင်)၀၅၂၈၉၂၏သမီး အထက နမ်ဟော့ကျောင်း Grade-2 မှ မဒိန်ခန်မေလတ်ဇီ အား မနားမေလတ်ဇီဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/8750, MITSUBISHI CANTER FE Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းလွင် ၉/မတရ(နိုင်) ၁၀၃၈၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/71389, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွန်းဦး ၉/မထလ (နိုင်)၀၀၆၆၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်သားထွန်းထွန်းစိုး(ကိုယ်ပိုင်အမှတ် – ၈၂၁၁၉၁)မှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်)၀၃၀၀၇၇ (ဘ)ဦးလှစိုး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၂၅၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်လှငွေး မြင့် ၈/ရနခ(နိုင်)၀၂၀၉၉၅ (ဘ) ဦးကျော်ရင်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊တပ်သား ထွန်းထွန်းစိုး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ် မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

